# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအား ဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက် ၂၀၂၂ ခုနှစ်၊ မေ ၁၂ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၁)၊ အမှတ် (၂၁၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါ အဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန် အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ပထမဆုံး ရွှေတံဆိပ်ဆုကို မအေးအေးအောင် ဆွတ်ခူးရရှိ

နေပြည်တော် မေ ၁၁

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ယနေ့ မွန်းလွဲ ၂ နာရီ တွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ Gymnasium တွင် Kurash အားကစားနည်း +၈၇ ကီလိုတန်း ဆီမီး ဖိုင်နယ်ပွဲစဉ်နှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူ များ၊ မြန်မာအားကစားအဖွဲ့များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲတွင် Kurash အားကစားနည်း +၈၇ ကီလိုတန်း အားကစားသမား မအေးအေးအောင် သည် မြန်မာနိုင်ငံအတွက် ပထမဆုံး ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့သည်။ ပွဲဦးထွက် အကြိုဗိုလ်လုပွဲတွင်


*စာမျက်နှာ ၅ ကော်လံ ၄* ◆





ရွှေတံဆိပ်ဆုရ မအေးအေးအောင်၊ ငွေတံဆိပ်ဆုရ ဖိလစ်ပိုင်နိုင်ငံသူနှင့် ကြေးတံဆိပ်ဆုရ အိမ်ရှင် ဗီယက်နမ်နိုင်ငံသူတို့အား တွေ့ရစဉ်။

## မူဆယ်နှင့် ချင်းရွှေဟော်နယ်စပ်ဒေသ ကုန်သွယ်မှုစစ်ဆေးရေးစခန်းများတွင် မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ် ဧပြီ ၁ ရက်မှ စတင်ဆောင်ရွက်

နေပြည်တော် မေ ၁၁

မူဆယ်နှင့် ချင်းရွှေဟော်နယ်စပ်ဒေသ ကုန်သွယ်မှုလမ်းကြောင်း တစ်လျှောက်ရှိ စစ်ဆေးရေးစခန်းများတွင် မြန်မာအလိုအလျောက် ကုန်စည် ရှင်းလင်းရေးစနစ်ကို ဧပြီ ၁ ရက်မှ စတင်ဆောင်ရွက် လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းစဉ်များအား ဆောင်ရွက်ရာ တွင် စာရွက်စာတမ်းအခြေခံသည့် Manual စနစ်သည် အချိန်ကြန့်ကြာ ခြင်း၊ ကုန်ကျစရိတ်များပြားခြင်း၊ ကုန်သွယ်မှုကိန်းဂဏန်းများ ယေဘုယျအားဖြင့် တိကျမှန်ကန်စွာရရှိနိုင်မှု ထိခိုက်စေနိုင်ခြင်းနှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အဟန့်အတားဖြစ်ပေါ် စေနိုင်ခြင်းတို့ကြောင့် မြန်မာအလိုအလျောက် ကုန်စည်ရှင်းလင်း ရေးစနစ် (Myanmar Automated Cargo Clearance System–MACCS) ကို ပြောင်းလဲကျင့်သုံးခဲ့ခြင်း ဖြစ်သည်။

မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်(Myanmar Automated Cargo Clearance System–MACCS) ကို သွင်းကုန်/ ထုတ်ကုန်ရှင်းလင်းရေးလုပ်ငန်းစဉ်များ ပိုမိုသွက်လက်မှန်ကန် မြန်ဆန်စေရန်၊ နိုင်ငံတကာ အကောက်ခွန်လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဖြစ်စေရန်၊ အချိန်၊ ငွေကြေး သုံးစွဲရမှုများ လျော့ကျလာစေပြီး ကြိုတင်မျှော်မှန်းဆောင်ရွက်လာနိုင်စေရန်၊ နိုင်ငံတကာစံလုပ်ထုံး တစ်ခုဖြစ်သည့်


*စာမျက်နှာ ၃ ကော်လံ ၁* ❖


**ယနေ့ ဖတ်စရာ**


**မန္တလေးတိုင်းဒေသကြီးတွင် ယခုနှစ်မိုးနှင့် မိုးနှောင်း စိုက်ပျိုးရာသီအတွင်း ဝါအထူးဇုန် ဧက ၁၀၀၀၀ ၌ ဝါမျိုးကောင်းမျိုးသန့်မျိုးပွား စိုက်ပျိုးထုတ်လုပ် သွားမည်** ပြည်တွင်းသတင်း စာ - ၄

**ကဆုန်လပြည့် ဗုဒ္ဓနေ့ဝယ် အမုန်းကိုပယ် မေတ္တာကြွယ်၍ အောင်နိုင်သူများ ဖြစ်ပါစေ** ဆောင်းပါး စာ - ၁၆

# ကျန်းမာရေးပြုစုစောင့်ရှောက်မှုတွင် အရေးပါသည့် အင်အားစု

၁၉၆၅ ခုနှစ်မှစတင်၍ နှစ်စဉ် မေလ ၁၂ ရက်နေ့ ကျရောက်တိုင်း ကျင်းပလာခဲ့သည့် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ (International Nurses Day) သည် ယခုနှစ်တွင် (၅၈) ကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် သူနာပြုများ၏ အခန်းကဏ္ဍမှာ လွန်စွာအရေးပါသည့်အလျောက် ကမ္ဘာတစ်ဝန်းရှိ သူနာပြုများအား ဂုဏ်ပြုသည့်အနေဖြင့် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ကို ကျင်းပခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းမှစတင်ကာ ကမ္ဘာတစ်ဝန်းလုံးသို့ ကူးစက်ပျံ့နှံ့ခဲ့သည့် ကိုဗစ်-၁၉ ရောဂါကြောင့် နိုင်ငံအသီးသီးတွင် လူအမြောက်အမြား အသက်ဆုံးရှုံးခဲ့ရာတွင် ကူးစက်မြန်ကပ်ရောဂါနှင့် ရင်ဆိုင်တိုက်ပွဲဝင်ကြရသည့် ကာလတစ်လျှောက်လုံး၌ သူနာပြုတို့၏ အခန်းကဏ္ဍမှာ ပို၍ပင်ထင်ရှားလာခဲ့သည်။ လူနာများကို ကျန်းမာရေးစောင့်ရှောက်ပေးရာတွင် ဆရာဝန်များက ကုသမှုပိုင်းကို ဆောင်ရွက်ကြရပြီး သူနာပြုများက ပြုစုစောင့်ရှောက်မှုပိုင်းကို ဆောင်ရွက်ကြရခြင်းဖြစ်ရာ ဝေဒနာရှင်လူနာများနှင့် ပိုမို၍အနီးကပ်ထိတွေ့ပြီး ပြုစုစောင့်ရှောက်ကြရသူများဖြစ်သည့်အလျောက် သူနာပြုလုပ်ငန်းကို ဝါသနာပါသူ၊ လူနာများအပေါ် ကရုဏာ၊ စေတနာ အပြည့်အဝထားရှိနိုင်သူတို့သာလျှင် သူနာပြုတာဝန်ကို ထမ်းဆောင်နိုင်ကြခြင်းဖြစ်သည်။

သူနာပြုလောက၏ မိခင်ကြီးဖြစ်သော ဖလောရင့်စ်နိုက်တင်ဂေး၏ မွေးနေ့ မေလ ၁၂ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ဟု သတ်မှတ်ခဲ့သလို ကမ္ဘာတစ်ဝန်းမှ ထူးချွန်သော သူနာပြုများကို ဖလောရင့်စ်နိုက်တင်ဂေးဆုတံဆိပ်များ ချီးမြှင့်လျက်ရှိသည်။ ယင်းဆုကို ပဋိပက္ခ သို့မဟုတ် ဘေးအန္တရာယ်များ ကျရောက်နေချိန်တွင် ဒဏ်ရာရရှိသူ၊ နာမကျန်းဖြစ်နေသူ၊ မသန်စွမ်းများနှင့် ဒုက္ခသည်များကို စွမ်းစွမ်းတမံ ပြုစုစောင့်ရှောက်သည့် သူနာပြုနှင့် သူနာပြုအကူများအား ချီးမြှင့်ခြင်းဖြစ်သည်။ ဖလောရင့်စ်နိုက်တင်ဂေးဆုကို မြန်မာနိုင်ငံမှ ဆွတ်ခူးရရှိသူ သူနာပြုလေးဦးရှိခဲ့ရာ အမှတ်(၂) တပ်မတော်စစ်ဆေးရုံတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဗိုလ်မှူး ဒေါ်ခင်အုန်းမြ(၁၉၆၃ ခုနှစ်)၊ မူဆယ် ပြည်သူ့ဆေးရုံမှ သူနာပြုဆရာမကြီး ဒေါ်အမ်ယောနမ် (၁၉၉၃ ခုနှစ်)၊ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် သောင်သွပ် ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမ ဒေါ်သိန်းရီ (၂၀၀၁ ခုနှစ်) နှင့် ဟိုင်းကြီးကျွန်း တိုက်နယ်ဆေးရုံမှ အထက်တန်းသူနာပြု ဦးစနိုင်နိုင်ထွန်း (၂၀၁၅ ခုနှစ်) တို့ဖြစ်သည်။

ယခုအချိန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါသည် မိမိတို့နိုင်ငံတွင် ကူးစက်ပျံ့နှံ့မှု အရှိန်အဟုန်လျော့ကျသွားခဲ့ပြီးဖြစ်သော်လည်း ကမ္ဘာ့နိုင်ငံအချို့တို့တွင် ဆက်လက်ကူးစက်ပျံ့နှံ့နေဆဲ အခြေအနေဖြစ်သည်။ မိမိတို့နိုင်ငံအနေဖြင့်လည်း မပြတ်သော သတိဖြင့် ဆက်လက်စောင့်ကြည့်နေရဦးမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးတွင် ကမ္ဘာတစ်ဝန်းလုံး၌ သူနာပြုများ သန်းနှင့်ချီ၍ အရေးတကြီးလိုအပ်နေသည့်နည်းတူ မိမိတို့နိုင်ငံတွင်လည်း သူနာပြုအင်အား လိုအပ်ချက်များရှိသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆိုအရ အာဖရိက၊ အရှေ့တောင်အာရှ၊ တောင်အမေရိကနှင့် အရှေ့အလယ်ပိုင်းဒေသ နိုင်ငံများတွင် သူနာပြုလိုအပ်ချက် များပြားခြင်းကြောင့် အစိုးရများအနေဖြင့် သူနာပြုများ ပိုမိုမွေးထုတ်နိုင်ရေး ပညာရေးနှင့် လုပ်ငန်းနယ်ပယ်တို့တွင် ပိုမိုရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်းထားသည်။

သူနာပြုများသည် နိုင်ငံ၏ ကျန်းမာရေးစနစ်တွင် ဆရာဝန်များနှင့်အတူ အရေးပါသောကဏ္ဍမှ ပါဝင်ကြသူများဖြစ်ပြီး ကပ်ရောဂါကူးစက်ပျံ့နှံ့မှု ပြင်းထန်သည့် ကာလများတွင် ရှေ့တန်းမှ စွန့်စားထမ်းဆောင်ခဲ့ကြသူများလည်းဖြစ်သည်။ ဝေဒနာခံစားနေရသူများကို ပြုစုစောင့်ရှောက်ကြရာတွင် စေတနာ၊ ကရုဏာ၊ ဝါသနာတို့ကို အရင်းခံ၍ ပြုစုစောင့်ရှောက်ကြကာ ကျန်းမာရေးအသိပညာပေးနှင့် ရောဂါကြိုတင်ကာကွယ်ရေးတို့တွင်လည်း အရေးပါသော ပင်မကျောရိုးအင်အားစုဖြစ်သည့် သူနာပြုအပေါင်းတို့အား ဂုဏ်ပြုအပ်ပါကြောင်း။ ။

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်) ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တက္ကသိုလ်များ၊ ကောလိပ်များနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပုသိမ်တက္ကသိုလ်နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်းရှိတက္ကသိုလ်နှင့် ကောလိပ်ကျောင်းများ၌ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ကျောင်းဝင်းများ အတွင်း/အပြင်ရှိ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် အမှိုက်များ ရှင်းလင်းပေးခြင်း စသည့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ တစ်စီးဖြင့် နှာခေါင်းစည်း (Mask) ရှစ်တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံကျင်းပရန် ငွေလှူဒါန်း

**ရန်ကုန် မေ ၁၁**

မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ် ညီလာခံကို မေ ၂၁ ရက်နှင့် ၂၂ ရက်များတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ် (၂၂၈) ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ညီလာခံကျင်းပရန် အလှူရှင်များက အလှူငွေများ လှူဒါန်းကြရာ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)- စာရေးဆရာမ မလေးယဉ်မိသားစု ငွေကျပ် နှစ်သိန်း၊ ဦးခင်ဆွေ (ရွှေစွန်ညို)၊ ဦးစိုးမြင့် (စိုးမှူး)၊ ကွယ်လွန်သူ ဆရာ မင်းရိုးယဉ်မိသားစုနှင့် တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် တစ်သိန်းစီ၊ ဦးအောင်သန်းဦး (ပုသိမ် အောင်သန်းဦး)၊ နတ်တလင်းမြို့နယ် စာရေးဆရာအသင်းနှင့် မင်္ဂလာဒုံမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် ငါးသောင်းစီ၊ ကွယ်လွန်သူ စာရေးဆရာ ဆင်တဲဝမြတ်ဘုန်း မိသားစုနှင့် ကဗျာဆရာ တောင်တွင်းမောင်သင်းကျော်တို့က ငွေကျပ် သုံးသောင်းစီ လှူဒါန်းကြပြီး ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်)၊ ဦးဖေသန်း (နေမင်းသန်း)၊ မောင်ညီဦး (ကစလ)၊ သန်းဝင်းမြင့် (လူမှုထူးချွန်) နှင့် မောင်ယဉ်ဦး



(နေဖြူ) တို့က သုတ၊ ရသစာအုပ်များ လှူဒါန်းကြရာ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ အသင်းအတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်) နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များက လက်ခံရယူကြကြောင်း သိရသည်။ (ဝဲပုံ)

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံမှာကြား




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ဝိဇ္ဇာ၊ သိပ္ပံ၊ AGTI အတန်းစုံမှ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**ရန်ကုန်  မေ  ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) သို့ ရောက်ရှိပြီး စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ Language Lab ခန်းများ၊ Computer စာသင်ခန်းများ၊ အိပ်ဆောင်များ၊ စားရိပ်သာများနှင့် ကျောင်းသား ကျောင်းသူများအတွက် ချက်ပြုတ်နေမှုများ၊ စာကြည့်တိုက်၊ ကျောင်းတွင်းသန့်ရှင်း သာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ အားကစားကွင်းကို အဆင့်မြှင့်တင်ရန် ဆောင်ရွက်မည့်အခြေအနေတို့ကို လှည့်လည်စစ်ဆေးခဲ့ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ် တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံနှုတ်ဆက်သည်။

### ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေး

ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများ၏ တစ်နေ့တာ အချိန်ဇယားများ ညှိနှိုင်းရေး၊ ကျောင်းသား ကျောင်းသူများအား အိပ်ဆောင်နေရာချထားရေး၊ ကျောင်းသား ကျောင်းသူများ ကိုယ်ခန္ဓာဖွံ့ဖြိုးရေးအတွက် အာဟာရပြည့်ဝအောင် ချက်ပြုတ်ကျွေးမွေးရေး၊ သင်ကြားရေးအဆင့်မြှင့်တင်ရန်အတွက် အင်္ဂလိပ်စာ Language Lab စာသင်ခန်းများ တိုးချဲ့ရေး၊ ဘာသာရပ်အလိုက် လက်တွေ့ခန်းသုံးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ ဖြည့်တင်းရေး၊ ကောလိပ်စာကြည့်တိုက်ကို e-Library အဖြစ် အဆင့်မြှင့်တင်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

### ဦးတည်ချက်ထားရှိ ဆောင်ရွက်

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ဝိဇ္ဇာ၊ သိပ္ပံ၊ AGTI အတန်းစုံမှ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားရာ၌ ကျောင်းသား ကျောင်းသူတစ်ဦးချင်းအနေဖြင့် စာပေဘာသာရပ်များအပြင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ ယုံကြည်ချက်၊ ခံယူချက်များ မြင့်မားစေရေးအတွက် သင်ကြားရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများ၊ အားကစားပစ္စည်းများ အဆင့်မီစွာ ပြင်ဆင်ထားရှိသည့်အလျောက် သင်တန်းသားများ၏ သစ္စာအဓိဋ္ဌာန်လေးချက်၊ ကျန်းမာရေးဆောင်ပုဒ်တို့နှင့်အညီ စနစ်တကျလေ့ကျင့်ဆောင်ရွက်သွားကြရန်၊ ဆရာ ဆရာမများနှင့် အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့ကျောင်းမှ သင်ကြားလေ့ကျင့်မွေးထုတ်လိုက်သော ကျောင်းသား ကျောင်းသူများသည် ပညာရပ်ပိုင်းတွင်သာမက စိတ်ဓာတ်၊ ခံယူချက်၊ ယုံကြည်ချက်နှင့် အားကစားကဏ္ဍများတွင်ပါ ဘက်စုံထူးချွန်ထက်မြက်ပြီး အနာဂတ်တွင် နိုင်ငံတော်မှ အားထားရသည့် နိုင်ငံ့သားကောင်း သမီးကောင်းများ ဖြစ်လာစေရန် ဦးတည်ချက်ထားရှိဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးအား အသုံးပြုသွားလာနေသည့် ကုန်တင်ယာဉ်များအနေဖြင့် ဘေးကင်းမှုအန္တရာယ် ကြိုတင်ကာကွယ်သည့် တယ်လီမက်တစ်စနစ် တပ်ဆင်အသုံးပြုခြင်းကို သိရှိအောင်ဆောင်ရွက်

**နေပြည်တော်  မေ  ၁၁**

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက မြတ်နိုးသူကုမ္ပဏီလီမိတက်သို့ရောက်ရှိကြပြီး လုပ်ငန်းများ ဆောင်ရွက်နေမှုကို စစ်ဆေးရာ တာဝန်ရှိသူများက B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ပုဂံညောင်ဦး-ကျောက်ပန်းတောင်းလမ်း၊ ညောင်ဦး-မြင်းခြံလမ်း၊ မိတ္ထီလာ-ကျောက်ပန်းတောင်း လမ်းတိုးလ်ဂိတ်ကောက်ခံမှုအခြေအနေနှင့် စက်ယာဉ်ယန္တရားများ ဖြန့်ခွဲထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။



### တာဝန်ရှိသူများနှင့်ညှိနှိုင်း

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပခုက္ကူ-မိတ္ထီလာဘက်ရှိ တံတားများတွင် တန် ၁၆၀ အလေးချိန် သယ်ဆောင်သည့်ယာဉ်များ ဖြတ်သန်းသွားလာမှုရှိနေ၍ တံတားများ၏ ကြံ့ခိုင်မှုအား စစ်ဆေးရန်နှင့် ဝန်ကြီးဌာနမှ ပံ့ပိုးပေးရမည့် ကိစ္စရပ်များရှိပါက တာဝန်ရှိသူများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်း မိုင် (၅၂/၃) နှင့် (၅၂/၄) အကြားတွင် လမ်းပေါက်ဖာ၊ လမ်းညှိခြင်း ဆောင်ရွက်နေမှုနှင့် မိုင်(၂၂/၄) နှင့် (၂၃/၀) ကြားရှိ လမ်းပေါက်ဖာခြင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန် - မန္တလေး အမြန်လမ်း မိတ္ထီလာ (သီးကုန်း) တိုးလ်ဂိတ်တွင် E.T.C စနစ်ဖြင့် လမ်းအသုံးပြုခ ကောက်ခံနေမှုအခြေအနေကိုလည်းကောင်း၊ ရန်ကုန်- မန္တလေးအမြန်လမ်း (မိတ္ထီလာ- နေပြည်တော်) လမ်းပိုင်း အခြေအနေကိုလည်းကောင်း၊ နေပြည်တော် (စီလမ်းဆုံ) တိုးလ်ဂိတ် Traffic Information Center တွင် ခရီးသွားယာဉ်များ ဘေးကင်းမှုအတွက် တယ်လီမက်တစ်စနစ် အသုံးပြုဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးအား အသုံးပြုသွားလာနေသည့် ကုန်တင်ယာဉ်များအနေဖြင့် နည်းပညာအထောက်အပံ့ရယူကာ ဘေးကင်းမှုအန္တရာယ် ကြိုတင်ကာကွယ်သည့် တယ်လီမက်တစ်စနစ် တပ်ဆင်အသုံးပြုခြင်းကို ယာဉ်မောင်း၊ ယာဉ်လိုင်းတာဝန်ရှိသူများ သိရှိအောင် ဆောင်ရွက်ကြရန်နှင့် ယာဉ်မတော်တဆမှုများ လျော့နည်းစေရေးအတွက် စည်းကမ်းလိုက်နာမှုမရှိသည့် ယာဉ်များအား အမြန်လမ်းမကြီး ဥပဒေအတိုင်း အရေးယူနိုင်ရေး အမြန်လမ်းမကြီး ရဲတပ်ဖွဲ့နှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရန် မှာကြားသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

Risk Management စနစ်အား နည်းလမ်းတကျ အသုံးပြုနိုင်ရန်ဟူသည့် ရည်မှန်းချက်များဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလက ရန်ကုန်နှင့် သီလဝါရေယာဉ်တွင် စတင်အသုံးပြုခဲ့ခြင်း ဖြစ်သည်။

စနစ်အား အကောင်အထည်ဖော်ရာတွင် ဂျပန်နိုင်ငံအစိုးရ၏ အကူအညီဖြင့် ဂျပန်နိုင်ငံတွင် အသုံးပြုလျက်ရှိသည့် Nippon Automated Cargo Clearance and Port Consolidated System – NACCS ကို အခြေခံကာ မြန်မာနိုင်ငံ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် လျော်ညီအောင်ရေးဆွဲခဲ့ခြင်း ဖြစ်သည်။

MACCS စနစ်အား ရန်ကုန်နှင့် သီလဝါရေယာဉ်တွင် အောင်မြင်စွာ အသုံးပြုနိုင်ခဲ့ပြီး နယ်စပ်ဒေသဖြစ်သည့် မြဝတီနယ်စပ်ဒေသတွင် ၂၀၁၈ ခုနှစ် ဇွန်လအတွင်းက စတင်အသုံးပြုဆောင်ရွက်နိုင်ခဲ့ကာ ယခုအခါ မူဆယ်နှင့်ချင်းရွှေဟော်နယ်စပ်ဒေသ ကုန်သွယ်မှုလမ်းကြောင်းကို တိုးချဲ့ဆောင်ရွက်ခြင်းဖြစ်သည်။

MACCS စနစ်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို MACCS ၏ website ဖြစ်သည့် www.maccs.gov.mm တွင် အသေးစိတ်ဖော်ပြထားသည်။

**ရှိန်း**

# အသက် တစ်နှစ်ခွဲအောက် ကလေးငယ်များအား ရောဂါကာကွယ်ဆေးများ ထိုးနှံ၊ တိုက်ကျွေး

**နေပြည်တော်  မေ  ၁၁**

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များရှိ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံ/ တိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

မွေးကင်းစမှ အသက်တစ်နှစ်ခွဲအောက် ကလေးငယ် ၁၈၀ တို့ကို နယ်မြေခံ တပ်မတော်ဆေးရုံမှ ပါရဂူများနှင့် ဆေးမှူးများက ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ် ကာကွယ်ဆေးနှင့် ပြင်းထန်အဆုတ်ရောင် ကာကွယ်ဆေး၊ ပိုလီယို ကာကွယ်ဆေးများကို ထိုးနှံ တိုက်ကျွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည် ၊ ရွှေတောင် ၊ နတ်တလင်းနှင့်အုတ်ဖိုမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ပြည် မေ ၁၁

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်မြို့ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော Grade(5) သင်ရိုးသစ် မြို့နယ်ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး သင်တန်းနည်းပြ ၆၈ ဦးနှင့် သင်တန်းသား ၈၈၂ ဦး အတွက် သီးခြားထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရွှေတောင်မြို့နယ် မင်းကွန်းကျေးရွာအုပ်စု၌ တစ်နှစ်သုံးသီး စမ်းသပ်စိုက်ပျိုးနေသည့် တောင်သူ ဦးနေမျိုးဝင်း၏ ချည့်မျှင်ရှည်ဝါ ငါးဧကနှင့် တောင်သူ ဦးမျိုးမင်းသိန်း၏ နွေနှမ်းငါးဧက စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုကိုလည်းကောင်း၊ ရန်ကုန်-ပြည်လမ်း မိုင်(၁၅၇/၃-၁၅၇/၅)အကြားလမ်းဖြော



ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ နတ်တလင်းမြို့ ပြည်သူ့ဆေးရုံကြီးအသစ် ဆောက်လုပ်မည့် မြေနေရာသို့လည်းကောင်း၊ နတ်တလင်းမြို့ စည်ပင်သာယာ ဦးစီးဌာနပိုင်မြေနေရာ၌ မိုးလုံလေလုံ ဖူဆယ်အားကစားကွင်း၊ တင်းနစ်အားကစားကွင်း၊ အလေးမ အားကစားခန်းမ တည်ဆောက်နေမှုကိုလည်းကောင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ သာကျမဟာမြတ်မုနိဘုရားကြီးဝင်း သာသနာ့ရက္ခိတကျောင်းဆောင်၌ သံဃာတော်များနှင့် သီလရှင်များ အစိုးရပါဠိပထမပြန် ဖြေဆိုနေမှုကို ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေများ ဆက်ကပ် လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကြို့ပင်ကောက်မြို့ မြို့ရေပေးဝေရေး ရေစက်ရုံသို့လည်းကောင်း၊ ကြို့ပင်ကောက်မြို့နယ် သာယာကုန်းကျေးရွာ တောင်သူ ဦးသိန်းထွန်း၏ ပိုက်ဆံလျှော်မျိုးစေ့ငါးဧက စိုက်ပျိုးနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အုတ်ဖိုမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ အုတ်ဖိုမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **သတင်းစဉ်**

# ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၏ (၃၆)ကြိမ်မြောက် အစည်းအဝေးကျင်းပ၊ ပိုးသတ်ဆေး ၂၇၉ မျိုး အတည်ပြုပေးနိုင်ရေး ဆွေးနွေး

နေပြည်တော် မေ ၁၁

**ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၏ (၃၆)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)




အစည်းအဝေးတွင် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက စားသုံးသူ ဘေးကင်းလုံခြုံရေး၊ ခေတ်ကြွင်း ကန့်သတ်ချက်များနှင့် ညီညွတ်သည့် ဈေးကွက်ဝင် ပို့ကုန်ဖြစ်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်ခြင်း၊ ထုပ်ပိုးသိုလှောင်ခြင်းလုပ်ငန်းများတွင် အရည်အသွေးမီ ပိုးသတ်ဆေးများကို စနစ်တကျ အသုံးပြုရန်လိုကြောင်း၊ တင်သွင်းသိုလှောင်ဖြန့်ချိသူ၊ ရောင်းဝယ်ဖောက်ကားသူအားလုံးအနေဖြင့် ပိုးသတ်ဆေးဆိုင်ရာ တည်ဆဲဥပဒေများကို တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပိုးသတ်ဆေး သုံးစွဲသူများအနေဖြင့်လည်း မှတ်ပုံတင်ထားသည့် မြန်မာဘာသာ အညွှန်းစာပါရှိသော ဆေးများကိုသာ သုံးစွဲရန်နှင့် တရားမဝင် ပိုးသတ်ဆေးများနှင့် ပိုးသတ်ဆေး အတုအပများ တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ပညာပေးဆွေးနွေးခြင်း လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပိုးသတ်ဆေးမှတ်ပုံတင်ခွင့် လျှောက်ထားလာမှုများအား လုပ်ငန်းတစ်ခုချင်းအလိုက် ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက် လာကြသူများက အတည်ပြုပေးနိုင်ရေး ဆွေးနွေးကြသည်။

ယနေ့ကျင်းပသည့် (၃၆)ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေးတွင် ပိုးသတ်ဆေး အမျိုးပေါင်း ၂၇၉ မျိုးအား အတည်ပြုပေးနိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့ကြပြီး (၃၅)ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေးပြီးဆုံးသည့်ကာလအထိ ပိုးသတ်ဆေး စုစုပေါင်း ၃၈၉၇ မျိုးကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်သည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးတွင် ယခုနှစ်မိုးနှင့် မိုးနှောင်းစိုက်ပျိုးရာသီအတွင်း ဝါအထူးဇုန် ဧက ၁၀၀၀၀ ၌ ဝါမျိုးကောင်းမျိုးသန့် မျိုးပွားစိုက်ပျိုးထုတ်လုပ်သွားမည်

**နေပြည်တော် မေ ၁၁**

မန္တလေးတိုင်းဒေသကြီး ဝါသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုစီမံချက် အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂)ကို ယမန်နေ့နံနက်ပိုင်းက အွန်လိုင်းစနစ်ဖြင့် ကျင်းပရာ အစည်းအဝေးသို့ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးတိုးမင်း၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးများ၊ ခရိုင်မြို့နယ် ဦးစီးမှူးများနှင့် ဝါသီးနှံတာဝန်ခံများ တက်ရောက်ခဲ့ကြသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက သီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ စာရင်းဇယားများတွင် ဖော်ပြသည့် ကိန်းဂဏန်းများ တိကျခိုင်မာမှုရှိစေရေး အလေးထားဆောင်ရွက်ရန်၊ ဝါစိုက်ပျိုးထုတ်လုပ်မှုနှင့် ဝါဈေးကွက် သတင်းအချက်အလက်များ တောင်သူများထံရောက်ရှိရေး စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန်၊ သက်ဆိုင်ရာ နယ်ပယ်အလိုက် နည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်မှု ရှိစေရေး စွမ်းဆောင်ရည် မြင့်မားရေးအတွက် သင်တန်းများ ဆွေးနွေးပွဲများ ဆောင်ရွက်ရန် လိုအပ်ချက်များ၊ ဝါသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရင်းအမြစ်တစ်ခုဖြစ်သည့် မျိုးစေ့စီးဆင်းမှု မှန်ကန်စေရန်နှင့် မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။



ယခုကျင်းပသည့် မန္တလေးတိုင်းဒေသကြီး ဝါသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု စီမံချက်အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဝါသီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ဝါသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာန၏ မူဝါဒနှင့် လမ်းညွှန်ချက်များအား ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ဝါသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလေးနှစ် စီမံချက် နှင့် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများအား ဆွေးနွေးခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း နှစ်စဉ် ဝါသီးနှံဧက တစ်သိန်းကျော် စိုက်ပျိုးထုတ်လုပ် လျက်ရှိနေသော်လည်း ပြည်တွင်းအဝတ်အထည်ထုတ်လုပ်မှုအတွက် လိုအပ်နေသည့် ချည်မျှင်ကုန်ကြမ်း ဖြည့်ဆည်းပေးနိုင်ရန် ဝါစိုက်ဧကတိုးချဲ့ရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်ရေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ကြိုးပမ်းလျက်ရှိရာ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ဝါမျိုးကောင်း မျိုးသန့် ဖူလုံစွာ သုံးစွဲနိုင်ရန် ဒေသနေ ဝါတောင်သူများနှင့် ပူးပေါင်း၍ ယခုနှစ် မိုးရာသီနှင့် မိုးနှောင်းကာလများတွင် ဝါအထူးဇုန် ဧက ၁၀၀၀၀ ၌ ဝါမျိုးကောင်း မျိုးသန့် မျိုးပွားစိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရသေ့တောင်မြို့၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖွင့်လှစ်

**ရသေ့တောင် မေ ၁၁**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးရှိအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဦးက ဌာန၏ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ သင်တန်းဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြ ဒေါ်ခင်မြသန်းက အပ်ချုပ်ပညာရပ် တတ်မြောက်ခြင်း၏ အကျိုးကျေးဇူးများ၊ သင်တန်းနှင့်သက်ဆိုင်သော သင်ခန်းစာများအား ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းအား ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသူ အမျိုးသမီး ၂၀ တက်ရောက်ကာ အခြေခံအပ်ချုပ်နည်းပညာ ဘာသာရပ်များကို ရက်ပေါင်း ၂၁ ရက်ကြာ စာတွေ့လက်တွေ့ဖြင့် စနစ်တကျ အခမဲ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။ **ထွန်းလင်းကျော်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် နေပြည်တော်အတွင်းရှိ တက္ကသိုလ်များနှင့် ကောလိပ်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်သည် နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ပျဉ်းမနားမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း၊ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိအစိုးရနည်းပညာကောလိပ်တို့ကို မေ ၁၂ ရက်တွင် ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရာတွင် သက်ဆိုင်ရာတက္ကသိုလ်၊ ကျောင်းများမှ တာဝန်ရှိသူများက ကျောင်းအပ်လက်ခံဆောင်ရွက်နေမှု ၊ စာသင်ခန်းများ ပြင်ဆင်ဆောင်ရွက်ထားမှု၊ သင်ကြားရေး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ နေထိုင်စားသောက်ရေး ကြိုတင်စီမံထားရှိမှုများကို သက်ဆိုင်ရာ တက္ကသိုလ်များနှင့် ကောလိပ်ကျောင်းများတွင် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးကို စီစဉ်ဆောင်ရွက်ရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး မထိုးနှံရသေးသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို စာရင်းတိကျစွာ ကောက်ယူပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကျောင်းသား ကျောင်းသူများကို ထူးချွန်ထက်မြက်ပြီး တတ်မြောက်ကျွမ်းကျင်သည့် ပညာရှင်များဖြစ်ရေးအတွက် ပြုစုပျိုးထောင်သင်ကြားပေးစေလိုကြောင်း မှာကြားသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာ တက္ကသိုလ်/ ကောလိပ်ကျောင်း အသီးသီးရှိ စာသင်ဆောင်များ၊ အိပ်ဆောင်များ ၊ ဓာတ်ခွဲခန်း၊ သင်ထောက်ကူပစ္စည်းဆောင်များ၊ စာကြည့်တိုက်များနှင့် လက်တွေ့သင်ကြားမည့်ခန်းမများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**နေပြည်တော်(ပြန်/ဆက်)**





# ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၁**

ချင်းပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့တွင် ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ချင်းပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ အသီးသီး ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယတိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကော့မှူး၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာရောင်းချပေး

**ကော့မှူး မေ ၁၁**

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်၌ စားသုံးသူ ပြည်သူများအနေဖြင့် အခြေခံ စားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်း၏ စီစဉ်မှုဖြင့် စားသောက်ကုန်များကို မြို့သစ်ရပ်ကွက် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနရုံးရှေ့၌ ယနေ့နံနက်ပိုင်းတွင် လာရောက်ရောင်းချပေးသည်။

အဆိုပါဈေးကားတွင် ဒေသခံပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရေးအတွက် ဧည့်မထဆန်တစ်ပြည်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဆန်ငါးပြည်အိတ်ပေါင်း ၁၀၀၊ ပေါ်ဆန်းတစ်ပြည်လျှင် ငွေကျပ် ၁၇၀၀ နှုန်းဖြင့် ငါးပြည်အိတ်ပေါင်း ၁၀၀၊ ဆီ ၅၀ ကျပ်သားတစ်ဘူးလျှင် ငွေကျပ် ၂၇၀၀ နှုန်းဖြင့် ဘူး ၂၅၀၊ ကြက်ဥ ၁၀ လုံး တစ်ကတ်လျှင် ငွေကျပ် ၁၆၀၀ နှုန်းဖြင့် ကတ် ၃၀ တို့ကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ကျော်သူရ (ကော့မှူး)**




မြန်မာအားကစားသမား မအေးအေးအောင်နှင့် ဖိလစ်ပိုင်အားကစားသမား TANGCONTIAN SYDNEY SY တို့ ယှဉ်ပြိုင်ကစားစဉ်။

◆ *ရှေ့ဖုံးမှ*

မအေးအေးအောင်သည် ပြိုင်ဘက်အသင်းဖြစ်သော ထိုင်းအားကစားသမားကို လည်းကောင်း၊ ဆီမီးဖိုင်နယ်တွင် ဗီယက်နမ်အားကစားသမားကို လည်းကောင်း အနိုင်ရရှိခဲ့ပြီးနောက် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ ထို့နောက် ဗိုလ်လုပွဲတွင် ဖိလစ်ပိုင်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ မအေးအေးအောင်က ဖိလစ်ပိုင်အားကစားသမား TANGCONTIAN SYDNEY SY ကို အနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် ပထမဦးဆုံး ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ခြင်းဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံမှ ငွေတံဆိပ်နှင့် အိမ်ရှင်ဗီယက်နမ်နိုင်ငံမှ ကြေးတံဆိပ်များ အသီးသီးရရှိခဲ့ကြသည်။

ယနေ့ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော Kurash အားကစားသမား မအေးအေးအောင်သည် ဂျူဒိုအားကစားနည်းဖြင့် ၂၀၀၇ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၄) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုတစ်ကြိမ်၊ ၂၀၁၁ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုတစ်ကြိမ်နှင့် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်ဆုတစ်ကြိမ် စုစုပေါင်း ရွှေတံဆိပ်ဆု သုံးကြိမ်တိုင်တိုင် ဆွတ်ခူးရရှိထားသော အားကစားသမားတစ်ဦးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကြံခင်းမြို့၌ မိုးရာသီစိုက်ပျိုးစရိတ်များထုတ်ချေးပေးနိုင်ရေး ညှိနှိုင်းဆွေးနွေး

**ကြံခင်း မေ ၁၁**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကြံခင်းမြို့နယ် ဘဏ်ခွဲအနေဖြင့် မြို့နယ်အတွင်းမှ တောင်သူများအား ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့က ကြံခင်းမြို့ ရောဦးခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) မှ အထွေထွေမန်နေဂျာ ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးရေးနှင့် ပတ်သက်၍ သိသင့်သိထိုက်သည့် ချေးငွေစည်းကမ်းချက်များ၊ ဆောင်ရွက်ရမည့် နည်းလမ်းများကို အသေးစိတ်ရှင်းလင်းပြီး တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာ ဦးအေးသိန်းက စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရာတွင် စည်းမျဉ်းများနှင့်အညီ ထုတ်ချေးပေးနိုင်ရေးနှင့် ချေးငွေများ ပြန်လည်ကောက်ခံရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းတန်က ကြံခင်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီပြန်လည်ပေးသွင်းနိုင်ရေးတွင် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ထပ်မံထုတ်ချေးပေးမည့် ကျေးရွာများအတွက် အုပ်ချုပ်ရေးအဖွဲ့များနှင့် ချေးငွေစိစစ်ရေးအဖွဲ့များက တောင်သူများအား စိစစ်ချေးပေးနိုင်ရေးဆောင်ရွက်ကြရန် ပြောကြားပြီး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ချေးငွေစိစစ်ရေးအဖွဲ့ အတွင်းရေးမှူးများက သိရှိလိုသည်များကို မေးမြန်း၍ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

# လယ်ယာသားငါးထုတ်ကုန်တိုးမြှင့်ရေးပြပွဲ၊ ဆွေးနွေးပွဲနှင့် မျိုးစေ့ပေးအပ်ပွဲကျင်းပ

စစ်ကိုင်း မေ ၁၁

**စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာသားငါးထုတ်ကုန်တိုးမြှင့်ရေးပြပွဲ၊ ဆွေးနွေးပွဲနှင့် မျိုးစေ့ပေးအပ်ပွဲကို မေ ၁၀ ရက်က တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ပြီး ခန္တီးခရိုင်၊ ရွှေဘိုခရိုင်၊ တမူးခရိုင်၊ ကန့်ဘလူခရိုင်တို့မှ စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များက Video Conferencing စနစ်ဖြင့် တက်ရောက်သည်။**



ပြပွဲတွင် လယ်ယာသားငါး ထုတ်ကုန်တိုးမြှင့်ရေး အတွက် ကဏ္ဍအလိုက်ဆောင်ရွက်နေမှုအခြေအနေများကို ဗယားကားချပ်များ၊ ထုတ်ကုန်ပစ္စည်းများဖြင့် ခင်းကျင်းပြသထားမှုနှင့် လက်တွေ့ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး (ယာပုံ) တိုင်းဒေသကြီး ဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီး၏ ဒေသတွင်းဆန်ဖူလုံမှုမှာ ၂၁၀ ဒသမ ၄၃ ရာခိုင်နှုန်း၊ စားသုံးဆီဖူလုံမှုမှာ ၅၀၂ ဒသမ ၈၄ ရာခိုင်နှုန်းနှင့် ပဲမျိုးစုံဖူလုံမှုမှာ ၉၆၃ ဒသမ ၂၉ ရာခိုင်နှုန်းရှိကာ တိုင်းဒေသကြီးစီးပွားရေး၏ ၃၀ ရာခိုင်နှုန်းကျော်သည် စိုက်ပျိုးရေးအပေါ် မှီခိုနေကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် စုစုပေါင်းမြေဧရိယာဧက ၂၃၁ သိန်းကျော်ရှိသည့်အနက် အသားတင်စိုက်ပျိုးမြေ ဧက ၄၅ ဒသမ ၆ သိန်းကျော်ရှိပြီး သီးထပ်၊ သီးညှပ်ဧကသိန်း ၉၀ ခန့် စိုက်ပျိုးလျက်ရှိကြောင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် တိုင်းဒေသကြီး၏ (GDP) တိုးတက်မှုသည် ၄ ဒသမ ၂ ရာခိုင်နှုန်းဖြစ်သည့်အတွက် ၂၀၂၂-၂၀၂၃ ခုနှစ် စိုက်ပျိုးရေးကဏ္ဍတွင် ၁ ဒသမ ၉ ရာခိုင်နှုန်းနှင့် သားငါးကဏ္ဍတွင် ၁ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုထုတ်လုပ်ရန်လိုအပ်ကြောင်း ပြောကြားသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ထိခိုက်မှုမရှိစေဘဲ နိုင်ငံတကာစံချိန်စံညွှန်းနှင့်ကိုက်ညီသည့် ငါး၊ ပုစွန်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေးနှင့် ရေထွက်ကုန်အခြေခံသည့် ကုန်ချောထုတ်လုပ်တင်ပို့မှု တိုးမြှင့်ရေးလိုအပ်ချက်များ ကူညီဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက တိုင်းဒေသကြီး အတွင်း လယ်ယာသားငါးထုတ်ကုန် တိုးမြှင့်ရေး အတွက် စိုက်ပျိုးရေးကဏ္ဍ ဆောင်ရွက်ထားရှိမှုများ၊ လယ်ယာကဏ္ဍ ရည်မှန်းအထွက်နှုန်းများ၊ တိုင်းဒေသကြီး၏ စီးပွားရေးကဏ္ဍတွင် လယ်ယာကဏ္ဍ GDP ပါဝင်မှုများ၊ မွေးမြူရေးကဏ္ဍဆိုင်ရာများ၊ ရေပေးဝေနိုင်မည့် အစီအစဉ်များနှင့်ဆိုလာစနစ်ဖြင့် ရေတင်နိုင်မည့်အစီအစဉ်များ၊ လယ်ယာသုံးစက်ကိရိယာများတွင်ကျယ်စွာအသုံးပြုနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် လယ်ယာထွက်ကုန်များ ဈေးကွက်ရရှိရေး ဆောင်ရွက်ထားမှုအခြေအနေများကို ဆွေးနွေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း ခရိုင် ခုနစ်ခုရှိ မြို့နယ်များမှ ဒေသခံတောင်သူများအတွက် နေကြာမျိုးစေ့ တင်း ၁၀၀၊ ပိုက်ဆံလျှော် မျိုးစေ့တင်း ၂၀၀၊ စပါးခွံပေါင်းခံရေး ကိရိယာ သုံးခုနှင့် စပါးခွံပေါင်းခံရည်များကို အခမဲ့ ထောက်ပံ့ပေးအပ်ခဲ့သည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# (၂၉) ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၁၁**

(၂၉) ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)နှင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိတပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင် ၅၀၀)တို့၌ Online Hybrid စနစ်ဖြင့် တစ်ပြိုင်နက်တည်း ဆက်လက်ကျင်းပရာ တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ တပ်မတော်အရာရှိကြီးများ၊ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုများ၊ နိုင်ငံတကာမှ ဆေးပညာရှင်များ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ အငြိမ်းစားအရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။




နှီးနှောဖလှယ်ပွဲသို့ Inperson တက်ရောက်သူများအနေဖြင့် တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) တွင် ၁၃၈ ဦးနှင့် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင် ၅၀၀) တွင် ၃၇၉ ဦး စုစုပေါင်း ၅၁၇ ဦး တက်ရောက်ခဲ့ပြီး Online မှ တက်ရောက်သူများအနေဖြင့် ဆေးဝန်ထမ်းတပ်ဖွဲ့မှ အငြိမ်းစားအရာရှိကြီးများ၊ အခြားတပ်မတော်ဆေးရုံ၊ ဆေးတပ်အသီးသီးတို့မှ ပါရဂူ၊ ဆေးမှူး၊ သူနာပြု(အရာရှိ)နှင့် သူနာပြု စုစုပေါင်း ၇၂၈ ဦး တက်ရောက်ကြသည်။

ယနေ့တွင် "Clinicopathological Conference"၊ Special Talk" ခုနစ်ခု၊ "Debate Session" နှင့် Symposium များအဖြစ် " COVID-19 Pandemic Driven New Chapter for Medicolegal Practices in Military Hospitals "၊ " Acute Stroke: What's New in Management? "၊ " Digital Learning in Health Professions Education "၊ "New Normal Dental Care in COVID-19 Pandemic"၊ "New Era in Heart Failure"၊ "The Old Herb with New Trick in COVID-19: Andrographis paniculata (Hsay-Khar-Gyi)"၊ "The Emerging Spectrum of COVID-19 Neurology"၊ "Fostering Professionalism: Assessing Unprofessional Behaviours of Students in Medical School" နှင့် "Care of Adult Cancer Patient at the End of Life" တို့ကို ဆွေးနွေးကြသည်။

ထို့အပြင် သုတေသနစာတမ်းများအဖြစ် ခွဲစိတ်ပညာ၊ ကလေးကျန်းမာပညာ၊ ကိုယ်လက်အင်္ဂါပြန်လည်သန်စွမ်းရေး၊ မှုခင်းဆေးပညာ၊ ရောဂါဗေဒ စသည့်ဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်း စုစုပေါင်း ၁၁ စောင်တို့ကို ပါဝင်ဖတ်ကြားတင်သွင်းကြသည်။

ထို့နောက် ဆုရွေးချယ်ရေးအဖွဲ့က အကောင်းဆုံးသုတေသနစာတမ်းနှင့် ပိုစတာဆုများအတွက် ပထမ၊ ဒုတိယ၊ တတိယရရှိသူများနှင့် Young Researcher Award ရရှိခဲ့သည့် သုတေသနစာတမ်း၊ ပိုစတာဆုရှင်များအား ကြေညာပြီး တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက အမှာစကားပြောကြားကာ (၂၉) ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေး

**ဇန်းမော် မေ ၁၁**

ကချင်ပြည်နယ် ဇန်းမော်မြို့၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်သူများအား ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေးစကားဝိုင်းဆွေးနွေးပွဲကို မေ ၁၁ ရက်က ဇန်းမော်ခရိုင် လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ဇန်းမော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သဲစုမိုးက အသိပညာပေးစကားဝိုင်း ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကလေးအလုပ်သမားဆိုင်ရာများအကြောင်း မေးမြန်းဆွေးနွေးကာ ဇန်းမော်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ဥမ္မာဦးက အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း၊ ကလေးအလုပ်သမားအဓိပ္ပာယ်သတ်မှတ်ချက်၊ ကလေးအလုပ်သမား ခန့်ထားသူများ လိုက်နာရမည့် စည်းကမ်းချက်များကို အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးမှုများကို ဇန်းမော်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသည့် လူမှုကွန်ရက်စာမျက်နှာတွင်လည်း လွှင့်တင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိန်းဖြူ(ပြန်/ဆက်)**

## ရခိုင်ပြည်နယ်၌ စားသုံးဆီဖူလုံစေရေး ဆီစက်လုပ်ငန်းရှင်များ၊ MSMEs လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

**ကျောက်ဖြူ မေ ၁၁**

ရခိုင်ပြည်နယ်၌ ဒေသစားသုံးဆီဖူလုံရေးအတွက် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်သည် ကျောက်ဖြူခရိုင်အတွင်းရှိ ဆီစက်လုပ်ငန်းရှင်များ၊ MSMEs လုပ်ငန်းရှင်များနှင့် မေ ၁၀ ရက်က ကျောက်ဖြူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရိပ်သာရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ပြည်နယ်စီးပွားရေးရာဝန်ကြီးက နိုင်ငံအတွင်း စားအုန်းဆီများသုံးစွဲမှုကို လျှော့ချပြီး မြေပဲဆီစစ်များ ပိုမိုထုတ်လုပ်ခြင်းအားဖြင့် ကျန်းမာရေးနှင့် လျော်ညီသည့် မြေပဲဆီများ ပိုမိုစားသုံးနိုင်ကြောင်း၊ စားအုန်းဆီများကို ပြည်ပမှ တင်သွင်းမှုလျှော့ချခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးကျော်ကျော်ညွန့်က ဌာနအနေဖြင့် အသေးစား၊ အလတ်စားလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အတွင်း စားသုံးဆီဖူလုံရေးအတွက် မြေပဲကို ဆောင်းသီးနှံအဖြစ် စိုက်ပျိုးမည်ဆိုပါက အပိုဝင်ငွေရမည့်အပြင် ကျန်းမာရေးနှင့် ညီညွတ်သည့် ပဲဆီစစ်ကို စားသုံးနိုင်မည်ဖြစ်ကြောင်း၊ သံတွဲမြို့နှင့် ပုဏ္ဏားကျွန်းမြို့တို့ရှိ ဆီစက်များမှရရှိသည့် စားသုံးဆီပမာဏမှာ မလုံလောက်သဖြင့် ဆီစက်များကို တစ်နှစ်ပတ်လုံး လည်ပတ်ခြင်းအားဖြင့် ဒေသတွင်းလိုအပ်သည့် စားသုံးဆီ လုံလောက်အောင် ထုတ်လုပ်သွားနိုင်ရေး စသည်တို့ကို ဆွေးနွေးသည်။

ဆက်လက်၍ ဆီစက်လုပ်ငန်းရှင်များနှင့် MSMEs လုပ်ငန်းရှင် ၃၅ ဦးက လိုအပ်သည့် နည်းပညာ၊ အခက်အခဲ၊ စက်ပစ္စည်းများ၊ အရင်းအနှီးများကို တင်ပြဆွေးနွေးကြကာ ပြည်နယ်ဝန်ကြီးက ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း**

# ပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့ကျင်းပ

**နေပြည်တော် မေ ၁၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ပါဠိပထမပြန်စာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၃၉ ဌာနတို့၌ (ပဉ္စမနေ့) အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်) ပဉ္စမနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၂၈၃၇၈ ပါး အနက် ၂၂၀၆၀ ဖြေဆိုကြသဖြင့် ၇၇ ဒသမ ၇၄ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
### သာသနာရေးဦးစီးဌာန
### ၁၃၈၄ ခုနှစ် (၂၀၂၂ ခုနှစ်)၊ ပါဠိပထမပြန်စာမေးပွဲ နေ့ရက်အလိုက် ဖြေဆိုမှုအခြေအနေ

ရက်စွဲ၊ ၁၁-၅-၂၀၂၂

| စဉ် | အကြောင်းအရာ | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | ပထမကြီး | ၆၉၂၀ | ၅၂၅၇ | ၁၆၆၃ | ၇၅.၉၆ |
| ၂။ | ပထမလတ် | ၇၇၅၄ | ၆၀၀၃ | ၁၇၅၁ | ၇၇.၄၁ |
| ၃။ | ပထမငယ် | ၁၃၇၀၄ | ၁၀၈၀၀ | ၂၉၀၄ | ၇၈.၈၀ |
| | စုစုပေါင်း | ၂၈၃၇၈ | ၂၂၀၆၀ | ၆၃၁၈ | ၇၇.၇၄ |

## ၁၃၈၄ ခုနှစ် (၂၀၂၂) ခုနှစ် ပါဠိပထမပြန်စာမေးပွဲ စာရင်းသွင်း၊ ဖြေဆို၊ ပျက်ကွက်စာရင်း

နေ့စွဲ၊ ၁၁-၅-၂၀၂၂

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စာဖြေဌာန | ပထမကြီး | | | ပထမလတ် | | | ပထမငယ် | | | ကြီး/လတ်/ငယ် စုစုပေါင်း | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ဖြေဆိုရာခိုင်နှုန်း |
| ၁ | ကချင် | ၇ | ၉၃ | ၇၄ | ၁၉ | ၁၅၇ | ၁၃၂ | ၂၅ | ၂၂၄ | ၁၈၂ | ၄၂ | ၄၇၄ | ၃၈၈ | ၈၆ | ၈၁.၈၆ % |
| ၂ | ကယား | ၁ | ၂၆ | ၁၉ | ၇ | ၅၁ | ၃၆ | ၁၅ | ၉၆ | ၆၈ | ၂၈ | ၁၇၃ | ၁၂၃ | ၅၀ | ၇၁.၁၀ % |
| ၃ | ကရင် | ၆ | ၁၄၀ | ၁၁၃ | ၂၇ | ၁၄၉ | ၁၂၈ | ၂၁ | ၃၂၈ | ၂၆၉ | ၅၉ | ၆၁၇ | ၅၁၀ | ၁၀၇ | ၈၂.၆၆ % |
| ၄ | ချင်း | - | - | - | - | - | - | - | - | - | - | - | - | - | - |
| ၅ | စစ်ကိုင်း | ၂၅ | ၉၄၆ | ၆၈၄ | ၂၆၂ | ၉၃၉ | ၆၉၀ | ၂၄၉ | ၁၄၂၅ | ၁၁၀၆ | ၃၁၉ | ၃၃၁၀ | ၂၄၈၀ | ၈၃၀ | ၇၄.၉၂ % |
| ၆ | တနင်္သာရီ | ၃ | ၂၉ | ၂၂ | ၇ | ၇၀ | ၅၁ | ၁၉ | ၁၃၀ | ၉၉ | ၃၁ | ၂၂၉ | ၁၇၂ | ၅၇ | ၇၅.၁၁ % |
| ၇ | နေပြည်တော် | ၈ | ၁၉၈ | ၁၃၃ | ၆၅ | ၂၂၄ | ၁၇၅ | ၄၉ | ၅၆၈ | ၄၁၁ | ၁၅၇ | ၉၉၀ | ၇၁၉ | ၂၇၁ | ၇၂.၆၃% |
| ၈ | ပဲခူး(အရှေ့) | ၁၄ | ၃၈၂ | ၃၀၁ | ၈၁ | ၄၇၀ | ၃၃၈ | ၁၃၂ | ၇၈၉ | ၅၉၆ | ၁၉၃ | ၁၆၄၁ | ၁၂၃၅ | ၄၀၆ | ၇၅.၂၆ % |
| ၉ | ပဲခူး(အနောက်) | ၁၄ | ၁၅၃ | ၁၂၉ | ၂၄ | ၁၈၂ | ၁၅၉ | ၂၃ | ၃၄၁ | ၂၈၃ | ၅၈ | ၆၇၆ | ၅၇၁ | ၁၀၅ | ၈၄.၄၇ % |
| ၁၀ | မကွေး | ၁၇ | ၂၈၃ | ၂၂၃ | ၆၀ | ၂၉၅ | ၂၃၇ | ၅၈ | ၄၂၇ | ၃၆၂ | ၆၅ | ၁၀၀၅ | ၈၂၂ | ၁၈၃ | ၈၁.၇၉ % |
| ၁၁ | မန္တလေး | ၂၈ | ၁၂၃၆ | ၈၉၂ | ၃၄၄ | ၁၂၉၅ | ၉၃၀ | ၃၆၅ | ၂၀၀၄ | ၁၅၉၆ | ၄၀၈ | ၄၅၃၅ | ၃၄၁၈ | ၁၁၁၇ | ၇၅.၃၇ % |
| ၁၂ | မွန် | ၁၁ | ၈၂၇ | ၆၈၇ | ၁၄၀ | ၉၂၇ | ၇၆၅ | ၁၆၂ | ၁၆၁၈ | ၁၃၅၇ | ၂၆၁ | ၃၃၇၂ | ၂၈၀၉ | ၅၆၃ | ၈၃.၃၀ % |
| ၁၃ | ရခိုင် | ၁၆ | ၂၀၀ | ၁၃၇ | ၆၃ | ၂၂၅ | ၁၇၄ | ၅၁ | ၃၉၄ | ၂၉၀ | ၁၀၄ | ၈၁၉ | ၆၀၁ | ၂၁၈ | ၇၃.၃၈ % |
| ၁၄ | ရန်ကုန် | ၄၁ | ၁၆၇၂ | ၁၂၇၉ | ၃၉၃ | ၁၇၄၄ | ၁၃၆၂ | ၃၈၂ | ၃၀၇၁ | ၂၃၆၂ | ၇၀၉ | ၆၄၈၇ | ၅၀၀၃ | ၁၄၈၄ | ၇၇.၁၂ % |
| ၁၅ | ရှမ်း(တောင်) | ၁၂ | ၂၇၀ | ၁၉၉ | ၇၁ | ၄၅၅ | ၃၄၈ | ၁၀၇ | ၉၄၄ | ၇၂၀ | ၂၂၄ | ၁၆၆၉ | ၁၂၇၇ | ၃၉၂ | ၇၆.၅၁ % |
| ၁၆ | ရှမ်း(မြောက်) | ၈ | ၉၂ | ၆၆ | ၂၆ | ၁၃၉ | ၁၁၄ | ၂၅ | ၄၃၉ | ၃၄၆ | ၉၃ | ၆၇၀ | ၅၂၆ | ၁၄၄ | ၇၈.၅၁ % |
| ၁၇ | ရှမ်း(အရှေ့) | ၂ | ၁၈ | ၁၃ | ၅ | ၄၀ | ၂၉ | ၁၁ | ၄၇ | ၃၁ | ၁၆ | ၁၀၅ | ၇၃ | ၃၂ | ၆၉.၅၂ % |
| ၁၈ | ဧရာဝတီ | ၂၆ | ၃၅၅ | ၂၈၆ | ၆၉ | ၃၉၂ | ၃၃၅ | ၅၇ | ၈၅၉ | ၇၁၂ | ၁၄၇ | ၁၆၀၆ | ၁၃၃၃ | ၂၇၃ | ၈၃.၀၀ % |
| | စုစုပေါင်း | ၂၃၉ | ၆၉၂၀ | ၅၂၅၇ | ၁၆၆၃ | ၇၇၅၄ | ၆၀၀၃ | ၁၇၅၁ | ၁၃၇၀၄ | ၁၀၈၀၀ | ၂၉၀၄ | ၂၈၃၇၈ | ၂၂၀၆၀ | ၆၃၁၈ | ၇၇.၇၄ % |

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ငါးခရိုင် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကျင်းပ

**မကွေး မေ ၁၁**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ငါးခရိုင် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို မေ ၁၀ ရက်က တိုင်းဒေသကြီး မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အားကစားပြိုင်ပွဲများ ကျင်းပသည့် ရည်ရွယ်ချက်နှင့် ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့်လည်း မိမိတို့၏ ကစားနည်းစွမ်းရည်များ တိုးတက်မြင့်မားလာစေရန် ခေတ်စနစ်နှင့် လျော်ညီသည့် အားကစားနည်းစနစ်များဖြင့် စဉ်ဆက်မပြတ် လေ့ကျင့်ကာ ပြိုင်ပွဲတွင် အားကြိုးမာန်တက် ပါဝင်ယှဉ်ပြိုင်လာကြသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ ပထမပွဲစဉ်အနေဖြင့် မကွေးခရိုင် အမျိုးသားဘော်လီဘောအသင်းနှင့် ပခုက္ကူခရိုင် အမျိုးသား ဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြရာ မကွေးခရိုင် အမျိုးသားဘော်လီဘောအသင်းက အနိုင်ရရှိခဲ့သည်။ အဆိုပါ ဘော်လီဘောပြိုင်ပွဲကို တိုင်းဒေသကြီးမိုးလုံလေလုံအားကစားခန်းမတွင် မေ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကိုစည်သူ(မကွေး)





# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်များလှူဒါန်း

**နေပြည်တော် မေ ၁၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်ရှိ မင်းမဟော်သုခဝတီ သာသနာ့ရိပ်သာသို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ မြသီတဂူ စာသင်တိုက်သို့လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်ရှိ ကုန်းမြင့်ရတနာကျောင်းတိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့နယ်ရှိ မြစေတီစာသင်တိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ မင်းကျောင်းပထမပြန် စာသင်တိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် မိုင်းခတ်မြို့နယ်ရှိ ထေရဝါဒ သာသနာပြု ကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပညာရေးဝန်ကြီးဌာန

၂၀၂၂ -၂၀၂၃ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး
ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ်

၂၀၂၂ ခုနှစ်၊ မေလ(၂၆)ရက်မှ ဇွန်လ (၁)ရက်ထိ



ပညာရေးဝန်ကြီးဌာန
၂၀၂၂ -၂၀၂၃ ပညာသင်နှစ်

"အသိပေးကြေညာချက်"

- ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade-1) သို့ အပ်နှံရန်။





## ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဟင်္သာတမြို့၌ Grade-5 မြို့နယ်အဆင့် မွမ်းမံသင်တန်းတက်ရောက်နေကြသော ဆရာ ဆရာမများနှင့် တွေ့ဆုံ

**ဟင်္သာတ မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် မေ ၁၁ ရက် မွန်းလွဲပိုင်းက ဟင်္သာတမြို့ ဥယျာဉ်မြောက်ရပ်ကွက် မန်းဘခိုင်လမ်းရှိ အထက(၅)ကျောင်းသို့ ရောက်ရှိပြီး အမျိုးသားခန်းမဆောင်၌ Grade-5 မြို့နယ်အဆင့် မွမ်းမံသင်တန်းသို့ တက်ရောက်လာကြသော ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများနှင့်တွေ့ဆုံပွဲ ကျင်းပသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြား၌ ကျောင်းများအချိန်မီ ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသား၊ကျောင်းသူများ ရာနှုန်းပြည့် ကျောင်းတက်နိုင်ရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။ ထို့နောက် တက်ရောက်လာသော ကျောင်းအကျိုးတော်ဆောင်များနှင့် ရပ်မိ၊ ရပ်ဖများမှ ကျောင်းနှင့်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကိုတင်ပြရာ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများနှင့်ဝန်ကြီးချုပ်က ပြန်လည်ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးဦးလှမြင့်က Grade-5 မြို့နယ်အဆင့် မွမ်းမံသင်တန်းဖွင့်လှစ်နေမှု အခြေအနေများ၊ မြို့နယ်အတွင်းရှိ ကျောင်းများနှင့် ဆရာ ဆရာမ ခန့်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းသုံးဗလာစာအုပ်များနှင့် ထောက်ပံ့ငွေကျပ်ငါးသိန်းအား ပေးအပ်ရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ရပ်မိ ရပ်ဖများ၊ ကျောင်းသားမိဘများ၊ သင်တန်းတက်ရောက်နေကြသော ဆရာ ဆရာမများ တက်ရောက်ကြောင်း သိရသည်။ **ကိုဇော်(ဟင်္သာတ)**


ပညာရေးဝန်ကြီးဌာန
"၂၀၂၂ -၂၀၂၃ ပညာသင်နှစ်"

ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး
သိရှိလိုက်နာရမည့်အချက်များ

- **မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။**
- **ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။**
- **အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။**
- ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျ တပ်ဆင်ရန်၊ လိုအပ်ပါက မျက်နှာအကာ (Face Shield) တပ်ဆင်ရန်။
- လက်ကို ရေနှင့် ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန်။
- လက်ဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးများမကိုင်ရန်။
- နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်။



**အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**


## သီပေါ၌ အခြေခံပညာမူလတန်းအဆင့် Grade-5 (သင်ရိုးသစ်) မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်

**သီပေါ မေ ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် Grade-5 (သင်ရိုးသစ်) မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးထိန်းလင်းက အမှာစကားပြောပြီး သင်တန်းမှူး မြို့နယ် ဒုတိယပညာရေးမှူး ဦးမင်းကိုကိုက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် သင်တန်း စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အခြေခံပညာ မူလတန်းအဆင့် Grade-5 (သင်ရိုးသစ်) မြို့နယ်အဆင့် ဆင့်ပွားသင်တန်းသို့ သင်တန်းသားသင်တန်းသူ ဆရာ ဆရာမ ၃၃၇ ဦး တက်ရောက်ကြပြီး နည်းပြအဆင့် ဆရာ ဆရာမ ၂၂ ဦးတို့က မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ သိပ္ပံ၊ လူမှု(ပထဝီ/သမိုင်း)နှင့် စာရိတ္တ/ကာယ ဘာသာရပ်တို့အား လေးရက်ကြာ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း**
**(သီပေါ)**



# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၁၁**

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနဝ္ဂနွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့ရှိ အောင်မင်္ဂလာတပ်ဦးဘုန်းကြီးကျောင်း၊ ဇေယျာသုခဘုန်းကြီးကျောင်း၊ ပါဘောဘုန်းကြီးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၂/က) စံပြရပ်ကွက်ရှိ စက္ကာဝဠာကျောင်းတိုက်၊ မှော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာရှိ သိင်္ဂီဦးပရိယတ္တိစာသင်တိုက်၊ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ အိမ်မဲမင်းကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကျောက်ဖာကျေးရွာအုပ်စု ကျောက်အိုးကျေးရွာရှိ ခေမာသီစံကျောက်အိုးကျောင်းတိုက်တို့မှ သံဃာတော်များနှင့် သာသနဝ္ဂနွယ်ဝင်သီလရှင်များအားလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ သာသနပဟိတကာရီ ဗိမာန်တော်ကြီးနှင့် အုတ်တွင်းမြို့ ကြက်သွန်ခင်း(၂) ရပ်ကွက် ဗောဓိကုန်းကျောင်းတိုက်တို့ရှိ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ကြီးကြပ်ဆရာတော်များနှင့် ဝင်ရောက်ဖြေဆိုလျက်ရှိသည့် သံဃာတော်များအားလည်းကောင်း ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံ ဆေးအဖွဲ့အများက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မေ ၁၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနဝ္ဂနွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီ တိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် (၁၂)နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်၌ ဒေသခံပြည်သူ ၆၈၆၀၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၈၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၂၃၂ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်၌ ဒေသခံပြည်သူ ၆၆၇၉ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၆၄၂၅၀ နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၃၆၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ မေ ၁၀ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ်လေးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၁၀ ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဝါးခယ်မမြို့နယ် ရွှေလောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်

**နေပြည်တော် မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ရွှေလောင်းကျေးရွာအုပ်စု ရွှေလောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို အနောက်တောင်တိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရွှေလောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ မေ ၁၀ ရက်နှင့် ယနေ့တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ သံဃာတော် ၁၂ ပါး၊ သာသနဝ္ဂနွယ်ဝင်သီလရှင် နှစ်ပါး၊ ဒေသခံပြည်သူ ၆၈၁ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အရိုး/အကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ကလေးရောဂါနှင့် အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးတပ်ရင်းသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးရန်ကျန်ရှိနေသည့် ဆရာတော်၊ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ယနေ့နံနက်ပိုင်းတွင် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အဆိုပါကျေးရွာရှိ ပညာတံခွန် ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ရေဝတအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက် လုပ်ရပ်များကြောင့် ဘေးလွတ်ရာသို့ ယာယီတိမ်းရှောင်နေရာမှ နေရပ်ပြန်လည်ဝင်ရောက်လာသည့် ဒေသခံတိုင်းရင်းသား ပြည်သူများအား လိုအပ်သည်များ ကူညီဆောင်ရွက်

**နေပြည်တော် မေ ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ် နန်းခံကျေးရွာအုပ်စု ပဲရင်းတောင်ကျေးရွာရှိ အိမ်ထောင်စု ၁၆ စုမှ အမျိုးသား တစ်ဦး၊ အမျိုးသမီး ၁၈ ဦးနှင့်ကလေး ကိုးဦး စုစုပေါင်း ၂၈ ဦးတို့သည် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ဘေးလွတ်ရာသို့ ယာယီတိမ်းရှောင်နေကြရာမှ မေ ၉ ရက်တွင် ၎င်းတို့၏ နေရပ်သို့ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။

မိမိနေရပ်သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံစွာ ကြိုဆိုခဲ့ကြပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသည်။

ထို့ပြင် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးမှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့နေထိုင်သည့် နေအိမ်များသို့ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ခေတ်အဆက်ဆက်နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုများ

ဇာနည်ဘွား

“ရင်းနှီးနွေးထွေးခြင်းနဲ့ ဆုံကြမယ်၊ ငြိမ်းချမ်းအေးမြခြင်းကို အတူခံစားမယ်၊ စေတနာတရားရဲ့အဓိပ္ပာယ် ရင်းနှီးတဲ့အခါ သိလိမ့်မယ်၊ ရန်ငြိုးခြင်းရဲ့အဓိပ္ပာယ် ငြိမ်းချမ်းတဲ့အခါ သိလိမ့်မယ်”တစ်ခေတ်တစ်ခါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ မကြာခဏထုတ်လွှင့်သော “ငြိမ်းချမ်းရေးပန်းခင်း” တေးသီချင်းကား လက်ရှိကာလအထိ မရိုးနိုင်ပေ။ ခေတ်မီနေဆဲ။

### ၇၅ နှစ်ရှိခဲ့ပြီ

အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခအရှည်ကြာဆုံးနိုင်ငံတစ်နိုင်ငံဖြစ်နေသောကြောင့်ပင်။ ၇၅ နှစ်ရှိခဲ့ပြီ။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်။ ထိုအချိန်တွင် မူဂျာဟစ်များနှင့် အလံနီကွန်မြူနစ်များက သူပုန်ထ၍ အတော်ပင်အရှိန် ရနေခဲ့ချေပြီ။ ထို့နောက် ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် သခင်သန်းထွန်း ခေါင်းဆောင်သော ဗမာပြည် ကွန်မြူနစ်ပါတီ တောခိုသွားသည်။ စင်စစ်အားဖြင့် မြန်မာနိုင်ငံသည် လွတ်လပ်ရေးရသည့်အချိန်မှစပြီး နှစ်လကျော်ကျော်မျှသာ သက်သောင့်သက်သာနေလိုက်ရရှာသည်။

ထိုစဉ်က ကြေကွဲဖွယ်ရာ နိုင်ငံ့အရေးနှင့်ပတ်သက်၍ ဝန်ကြီးချုပ်ဟောင်း ဦးနုက “အဲဒီအချိန်မှာ ပြည်ထောင်စုရဲ့ နောင်ရေးဟာ အတော်ကလေးမှောင်နေပြီဆိုတာကို သိပ်ပြီးတောင် အကဲခတ်ဖို့မလိုပါဘူး။ ခပ်လွယ်လွယ်နဲ့မြင်နိုင်ပါတယ်။ ပြည်တွင်းမှာထတဲ့ သူပုန်တွေကလည်း ထကုန်ပြီ၊ နောက်လာမယ့် သူပုန်လောင်းတွေကလည်း သူပုန်ထတမ်းကစားကြဖို့ အရှိန်ယူနေကြတယ်”ဟု အတိတ်အကြောင်းကို အမှတ်တရ ပြန်ပြောင်း ရေးသားခဲ့သည်။

တကယ်တော့ ထိုစဉ်က ဝန်ကြီးချုပ်သခင်နုခေါင်းဆောင်သော ပါလီမန်ဒီမိုကရေစီအစိုးရသည် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို ရှောင်လွှဲနိုင်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းခဲ့ပါသည်။ ၁၉၄၈ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဝန်ကြီးချုပ်ဦးနုသည် အာဇာနည်ကုန်း၌ ကျင်းပသည့် တော်လှန်ရေးနေ့အထိမ်းအမှတ် လူထုအစည်းအဝေးတွင် သွေးထွက်သံယိုဖြစ်မည့်လမ်းစဉ်ကို မလိုက်ကြရန်၊ ငြိမ်းချမ်းရေးလမ်းစဉ်ကိုသာ လိုက်ကြရန်နှင့် ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ပြည်သူ့ရဲဘော် အစရှိသည့်နိုင်ငံရေးသမားများ ညီညွတ်နိုင်ကြလျှင် ဝန်ကြီးရာထူးကရော ဖဆပလ ဥက္ကဋ္ဌရာထူးကပါ ထွက်ပေးမည်ဖြစ်ပြီး အများလက်ခံသူတစ်ဦးကို တင်မြှောက်ပေးပါ့မည်ဟု ပြောကြားခဲ့သည်။

သို့ရာတွင် ထိုတစ်ရက်တည်းမှာပင် ဗန္ဓုလပန်းခြံ၌ ကျင်းပသည့် တော်လှန်ရေးနေ့အခမ်းအနားတွင် သခင်သန်းထွန်းက ဖဆပလအစိုးရကို လက်နက်နှင့်ဖြုတ်ချရမည်၊ ဗားကရာချောက်ကြီးကို ဖဆပလအရိုးနှင့်ဖို့ပစ်မည် စသဖြင့် ဖဆပလအစိုးရကို ခြိမ်းခြောက်စိန်ခေါ်ခဲ့လေသည်။



၁၉၆၃ ခုနှစ် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲပျက်ပြားပြီးနောက် ဗမာပြည်ကွန်မြူနစ်ပါတီကိုယ်စားလှယ်များ နဝင်းချောင်းကိုဖြတ်၍ တောပြန်ခိုကြပုံကို “သူတို့ ပြန်ကြလေပြီ”ခေါင်းစဉ်ဖြင့် ရှုဒေါင့်ဂျာနယ်တွင် ဖော်ပြခဲ့သည့် ဓာတ်ပုံ။

> ❂ ၁၉၄၈ ခုနှစ် မေ ၂ ရက်တွင် ပဲခူးခရိုင် ပေါက်ကုန်းကြီးတိုက်ပွဲမှ အစပြုခဲ့သည့် သေနတ်သံဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခသည် စတင်လေတော့သည်

မြန်မာနိုင်ငံလွတ်လပ်ရေးမှာ အစစ်အမှန်မဟုတ်၊ အတုအယောင်သာဖြစ်သည်။ လွတ်လပ်ရေးကိုလက်ခံသော ဖဆပလအစိုးရနှင့် ခေါင်းဆောင်များသည် တိုင်းပြည်၏ သစ္စာဖောက်များဖြစ်၍ အစိုးရကိုတိုက်ဖျက်ကာ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ ဆက်လက်ဆင်နွှဲရမည်ဖြစ်ကြောင်း ဗမာပြည်ကွန်မြူနစ်ပါတီက မူလကတည်းက ကြေညာခဲ့သည်။

### ပေါက်ကုန်းကြီးတိုက်ပွဲမှ အစပြုခဲ့သည့် သေနတ်သံ

ထိုသို့ ဗမာပြည်ကွန်မြူနစ်ပါတီ၏ တစ်ယူသန်ဝါဒစွဲကြောင့် ဖဆပလသည် ငြိမ်းချမ်းရေးအတွက်ဆွေးနွေးရန် လမ်းစမပေါ်နိုင်တော့၍ မတ်လ ၂၈ ရက်နေ့တွင် ကွန်မြူနစ်ခေါင်းဆောင်များကို ဖမ်းဆီးရန် စီစဉ်ဆောင်ရွက်လေတော့သည်။ သို့သော် နောက်ကျသွားခဲ့လေပြီ။ ကွန်မြူနစ် ခေါင်းဆောင်ပိုင်းသည် မြေလျှိုး၍တောခိုသွားခဲ့ကြပြီ ဖြစ်သည်။ ဤသို့ဖြင့် ၁၉၄၈ ခုနှစ် မေ ၂ ရက်တွင် ပဲခူးခရိုင်ပေါက်ကုန်းကြီးတိုက်ပွဲမှ အစပြုခဲ့သည့်သေနတ်သံဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခသည် စတင်လေတော့သည်။

ဖဆပလအစိုးရသည် ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ပြည်သူ့ရဲဘော်အဖွဲ့အစည်းများနှင့် လက်ဝဲညီညွတ်ရေးကို တည်ဆောက်နိုင်ရန် အချက် ၁၅ ချက်ပါဝင်သော လက်ဝဲညီညွတ်ရေးလမ်းစဉ်တစ်ခုကိုရေးဆွဲပြီး ၁၉၄၈ ခုနှစ် မေလ ၂၅ ရက်နေ့တွင်ကျင်းပသည့် လူထုအစည်းအဝေးကြီးတွင် ကြေညာခဲ့ပြန်ပါသည်။ သို့ရာတွင် နောက်ဆုံးအချက်ဖြစ်သည့် မာ့စ်ဝါဒစည်ပင်ပြန့်ပွားရေးဟူသည့်အချက်မှာ အငြင်းပွားဖွယ်ရာဖြစ်လာခဲ့သည်။ အင်္ဂလန်နှင့် အမေရိကန်သတင်းစာတချို့က မြန်မာနိုင်ငံသည် ကွန်မြူနစ်နိုင်ငံဖြစ်သွားပြီဟု ရေးသားခဲ့ကြရုံမက ဗြိတိန်ကလည်း မြန်မာနိုင်ငံသည် ကွန်မြူနစ်ဖြစ်သွားပါလျှင် ဗြိတိသျှအစိုးရ၏သဘောထားကို ပြောင်းလဲရလိမ့်မည်ဟု တင်းတင်းမာမာကြေညာပြန်သည်။

သို့နှင့် နောက်ဆုံးအချက်ကို ပယ်ဖျက်၍ နောင်တွင် သမိုင်းတွင်မည့် နု-မူ ၁၄ ချက်ကိုသာ ထုတ်ပြန်ခဲ့ရသည်။ ထိုသို့ ဝန်ကြီးချုပ်သခင်နုက ကွန်မြူနစ်များနှင့် လက်ဝဲညီညွတ်ရေးကို တည်ဆောက်နိုင်ရန် နု-မူ ၁၄ ချက်ကို စေတနာမှန်ဖြင့်ထုတ်ပြန် ကြေညာခဲ့သော်လည်း ဖွတ်မရဓားမဆုံး ပြည်သူ့ရဲဘော်တို့နှစ်ခြမ်းကွဲသွားခဲ့ပြီး ရဲဘော်ဖြူတို့က ၁၉၄၈ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် တောခိုသွားခဲ့ကြပြန်သည်။

### အန်တု ပုန်ကန် တိုက်ခိုက်

ထိုစဉ်အတောအတွင်း မှာပင် ကေအင်န်ဒီအိုတို့က သထုံ၊ မော်လမြိုင်တို့ကိုသိမ်းပိုက်ပြီး ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် စောဘဦးကြီး ခေါင်းဆောင်သော ကေအင်န်ဒီအိုများက အင်းစိန်မြို့ကို စီးနင်းသိမ်းပိုက်၍ ဖဆပလအစိုးရကို အတိအလင်းအန်တုပုန်ကန် တိုက်ခိုက်လာတော့သည်။

ဆက်လက်၍ ၁၉၅၈ ခုနှစ် မေလ ၂၁ ရက်နေ့တွင် N.S.H ခေါ် နှံ့စစ်ဟန် (ရဲရင့်သော လူငယ်များအဖွဲ့)အမည်ဖြင့် ရှမ်းလက်နက်ကိုင်အဖွဲ့အစည်းတစ်ရပ် ထပ်မံပေါ်ပေါက်လာပြန်သည်။ ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် စိုင်းနွဲ့ဦးစီးသောအဖွဲ့သည် “ရှမ်းတော်လှန်ရေးစပြီ”ဟု ကြွေးကြော်၍ တပ်မတော်၏ ပုံပါကျင်စခန်းကို တိုက်ခိုက်လေတော့သည်။

ယင်းနောက် ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် အချုပ်အခြာအာဏာပိုင်သည့် သီးခြားလွတ်လပ်သော ကချင်သမ္မတနိုင်ငံထူထောင်ရန်ဟု ဆိုကာ ကွတ်ခိုင်နယ်မြေ၌ ကချင်လွတ်မြောက်ရေးတပ်မတော်(ကေအိုင်အေ)နှင့် ကချင်လွတ်မြောက်ရေးကောင်စီ (ကေအိုင်စီ) တို့ ပေါ်ပေါက်လာပြန်သည်။

“ဗမာနိုင်ငံမှာ လယ်တွေအများကြီးရှိတယ်။ ဒီလယ်တွေကြောင့် ဗမာနိုင်ငံဟာ ကမ္ဘာပေါ်မှာ ဆန်အများဆုံးတင်ပို့ရောင်းချနိုင်တဲ့ နိုင်ငံဖြစ်နေတယ်။ ဒီလယ်တွေအပြင် အဖိုးတန်ကျွန်းသစ်တွေထွက်တဲ့ သစ်တောတွေလည်းအများကြီးရှိတယ်။ သတ္တုမျိုးစုံရှိတယ်။ ပတ္တမြားတွင်းတွေရှိတယ်။ ရေနံတွင်းတွေရှိတယ်။ ပြည်ထောင်စုသားတွေ လူချမ်းသာတွေဖြစ်အောင် အဘက်ဘက်က ကူညီထောက်ပံ့နိုင်တဲ့ ဧရာဝတီမြစ်ကြီးကလည်း ပြည်ထောင်စုကို အရှေ့နဲ့အနောက် နှစ်ခြမ်းခွဲပြီး မြောက်ဘက်က တောင်ဘက်ကို စီးဆင်းနေတယ်။ မိုးလေဝသလည်း အထူးကောင်းတယ်။ လူဦးရေကျတော့ အင်မတန်နည်းတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ပြည်ထောင်စုထဲမှာ ပြည်တွင်းစစ်မဖြစ်ရဘဲ စိတ်ချမ်းချမ်းသာသာနဲ့အလုပ်လုပ်ခွင့်ရကြမယ်ဆိုရင် ပြည်ထောင်စုမြန်မာနိုင်ငံဟာ မိသားစုတိုင်းကို အိမ်တစ်ဆောင်၊ မော်တော်ကားတစ်စီး၊ လစဉ်ဝင်ငွေ ကျပ် ၈၀၀ ကနေ ကျပ် ၁၀၀၀ ရအောင်လုပ်ပေးနိုင်တဲ့အထိ ချမ်းသာတဲ့နိုင်ငံဖြစ်မယ်”ဟူ၍ ဝန်ကြီးချုပ်ဦးနုက ၁၉၅၂ ခုနှစ် အာဇာနည်နေ့မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။ သို့ရာတွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများသည် ပို၍ပြင်းထန်လာခဲ့ပေသည်။

တော်လှန်ရေးကောင်စီ အစိုးရခေတ်တွင်လည်း ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းများကို ဦးစားပေးဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

### တွေ့ဆုံဆွေးနွေး

အမျိုးသား စည်းလုံးညီညွတ်မှုကို ထူထောင်ရာ၌ တော်လှန်ရေးကောင်စီသည် လက်နက်ကိုင်လမ်းစဉ်ကျင့်သုံးနေသော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများကို ဥပဒေဘောင်အတွင်းသို့ ဖိတ်ခေါ်၍ လူသစ်စိတ်သစ်ဖြင့် နိုင်ငံတော်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ၁၉၆၃ ခုနှစ် ဧပြီ ၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပြန်ပြီးနောက် တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများမှ အဖွဲ့ဝင်များစွာတို့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည်။ သို့သော် ဗမာပြည်ကွန်မြူနစ်ကဲ့သို့သော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းအချို့ကမူ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ကို လက်မခံနိုင်ဟုဆိုကာ တွေ့ဆုံဆွေးနွေးရေးကို တောင်းဆိုခဲ့ကြသည်။ ထို့ကြောင့် တော်လှန်ရေးကောင်စီသည် ပြည်တွင်းငြိမ်းချမ်းရေးကို ပြန်လည်တည်ဆောက်ရန်အတွက် တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းချက်ကို *စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

၁၉၆၃ ခုနှစ် ဇွန် ၁၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။

တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းချက်တွင်–

- တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများသည် ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်လို၍ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်သည် မလုံလောက်ဟုဆိုပါက တော်လှန်ရေးကောင်စီသည် ပြဿနာအဝဝကို ကူညီဖြေရှင်းလိုပါသည်။
- တွေ့ဆုံဆွေးနွေးရာ၌ ကြိုတင်စည်းကမ်းသတ်မှတ်ချက်မျိုးမထားဘဲ တိုင်းပြည်၏ ပကတိအခြေအနေကို လက်တွေ့ကျကျဆွေးနွေးဖြေရှင်းမည်။
- ဆွေးနွေးရာတွင် အမြတ်မထုတ်ကြဘဲ လုပ်သားပြည်သူတို့အကျိုးကိုသာ အာရုံစိုက်ဆွေးနွေးမည်။
- မည်သည့်အကြောင်းနှင့် ဖြစ်စေ တောတွင်း၌ ရောက်ရှိနေကြသော မည်သည့် လက်နက်ကိုင်အဖွဲ့အစည်းနှင့်မဆို တွေ့ဆုံဆွေးနွေးမည်။
- လာရောက်ဆွေးနွေးသောတောတွင်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ လုံခြုံရေးကို တော်လှန်ရေးကောင်စီက တာဝန်ယူမည်။
- အကယ်၍ဆွေးနွေးပွဲ မအောင်မြင်သဖြင့် တောတွင်းမှကိုယ်စားလှယ်များ တောတွင်းသို့ပြန်သွားလိုပါလျှင် သွားလိုရာဒေသအထိ လိုက်ပို့ပေးမည်သာမက သုံးရက်အတွင်း ဖမ်းဆီးခြင်း၊ တိုက်ခိုက်ခြင်း လုံးဝပြုလုပ်မည်မဟုတ် ဟူသည့် အချက်များ ပါရှိသည်။

**စုစုပေါင်း ရှစ်ဖွဲ့ တက်ရောက်**

တော်လှန်ရေးကောင်စီ၏ ထိုသို့ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲ ကမ်းလှမ်းချက်အရ ကွန်မြူနစ်ပါတီ (ဗမာပြည်)ကိုယ်စားလှယ်အဖွဲ့၊ ရခိုင်ကွန်မြူနစ်ပါတီကိုယ်စားလှယ်အဖွဲ့၊ ရှမ်းအမျိုးသားတပ်ပေါင်းစုနှင့် ရှမ်းပြည်နယ်လွတ်မြောက်ရေးတပ်မှ ကိုယ်စားလှယ်အဖွဲ့၊ ကချင်လွတ်လပ်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့၊ ရဲဘော်ဌေး ခေါင်းဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖွဲ့၊ မန်းဘဇံခေါင်းဆောင်သော ကေအင်န်ယူပါတီ၊ မွန်ပြည်သစ်ပါတီနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီတို့ပါဝင်သော သုံးပါတီ ကိုယ်စားလှယ်အဖွဲ့၊ မန်းဘဇံခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီ ညီညွတ်ရေးတပ်ပေါင်းစု(မဒညတ)ကိုယ်စားလှယ်အဖွဲ့နှင့် မုဆိုးကော်ကဆာ ဟန်တာသာမွေးခေါင်းဆောင်သော ကရင်တော်လှန်ရေးကောင်စီကိုယ်စားလှယ်အဖွဲ့ အပါအဝင် စုစုပေါင်း ရှစ်ဖွဲ့တို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

သို့ရာတွင် မုဆိုးကော်ကဆာ ဟန်တာသာမွေးခေါင်းဆောင်သော ကရင်တော်လှန်ရေးကောင်စီအဖွဲ့ တစ်ဖွဲ့တည်းနှင့်သာ ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိခဲ့ပြီး ၁၉၆၄ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ကျန်အဖွဲ့များနှင့် သဘောထားချင်းမတိုက်ဆိုင်၍ ငြိမ်းချမ်းရေးဆွေးနွေးမှုကို ၁၉၆၃ ခုနှစ် နိုဝင်ဘာလတွင် ရပ်ဆိုင်းခဲ့ရသည်။

**❂ တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း စုစုပေါင်း ၁၀ ဖွဲ့တို့နှင့် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ သို့ရာတွင် ငြိမ်းချမ်းရေးခရီးလမ်းကား မပြီးဆုံးသေးပါ။ ခရီးဆုံးကို ဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် လိုအပ်နေဆဲ။ မပြီးဆုံးသေးသော ခရီးရှည်ကြီးအတွက် ခေါင်းဆောင်အဆက်ဆက်တို့၏ ပခုံးထက်ဝယ် သမိုင်းပေးတာဝန်က ရှိနေသေးသည်**

တော်လှန်ရေးကောင်စီက ကျန်တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများသည် တော်လှန်ရေးကောင်စီ၏ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ထားရှိသော စိတ်ရင်းစေတနာမှန်ကို သဘောပေါက်နားလည်ခြင်းမရှိဘဲ တွေ့ဆုံဆွေးနွေးမှုအပေါ် အခွင့်ကောင်းယူကာ နိုင်ငံရေး၊ စည်းရုံးရေးအမြတ်ထုတ်ခြင်း၊ တော်လှန်ရေးကောင်စီအစိုးရကို နိုင်ငံရေးအရ၊ စစ်ရေးအရ အကျပ်ကိုင်ရန် ကြိုးပမ်းခြင်း၊ ပြည်ထောင်စုကြီးပြိုကွဲမည့်အချက်ကိုသာ ဦးစားပေးဆွေးနွေးခြင်း စသည်များကို ပြုလုပ်ခဲ့ကြသောကြောင့် ယင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပွဲများမှ ပျက်ပြားခဲ့ရလေသည်ဟု သတင်းထုတ်ပြန်သည်။ ၁၉၆၃ ခုနှစ် ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲပျက်ပြားပြီးနောက် ဗမာပြည်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်များ နဝင်းချောင်းကိုဖြတ်၍ ပဲခူးရိုးမတောတွင်းသို့ ပြန်လည်ထွက်ခွာခဲ့သည့် ပုံရိပ်များကို "သူတို့ပြန်ကြလေပြီ" ခေါင်းစဉ်ဖြင့် ထိုခေတ်က ရှုဒေါင့်ဂျာနယ်တွင် မျက်နှာဖုံးသတင်းဓာတ်ပုံအဖြစ်ဖော်ပြခဲ့ရာ ငြိမ်းချမ်းရေးကိုလိုလားသူ ပြည်သူအပေါင်း ဝမ်းနည်းပက်လက်ဖြစ်ခဲ့ကြရသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်တွင်လည်း နိုင်ငံတော်ကောင်စီသည် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်(၂/၈၀)ကို ၁၉၈၀ ပြည့်နှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြန်သည်။

**အိမ်ပြန်လာကြဖို့ ဖိတ်ခေါ်**

ထိုစဉ်က နိုင်ငံတော်အကြီးအကဲ ဦးနေဝင်းကလည်း "ကျွန်တော်တို့ အဝေးရောက်နေသူတွေကို အိမ်ပြန်လာကြဖို့ ဖိတ်ခေါ်ပါတယ်။ ခဏတာခွဲခွာပြီး အိမ်ကိုပြန်လာတဲ့ ဆွေမျိုးသားချင်းတွေကို ကြိုဆိုသလို ကျွန်တော်တို့ သူတို့ကို ကြိုဆိုကြရအောင်။ ပြီးခဲ့တာတွေ မေ့ဖျောက်ခွင့်လွှတ်ပြီး ကျွန်တော်တို့တိုင်းပြည်ကောင်းကျိုးအတွက် ရှေ့ဆက်လက်တွဲ အလုပ်လုပ်ကြရအောင်"ဟု ၁၉၈၀ ပြည့်နှစ် မေလအတွင်းကကျင်းပခဲ့သော စုံညီအစည်းအဝေးတစ်ရပ်၌ ဖိတ်ခေါ်ပြောကြားခဲ့သည်။

နိုင်ငံတော်ကောင်စီ၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် (၂/၈၀)အရ ဝန်ကြီးချုပ်ဟောင်း ဦးနုနှင့် ဇနီး ဒေါ်မြရီ၊ ဗိုလ်မှူးချုပ်ဟောင်း စောကြာဒိုး၊ ဗိုလ်ရန်နိုင်၊ ဇာလီမော်၊ စခန်းမှူး ဦးလှိုင်နှင့် မိသားစုဝင် ၁၁ ဦး၊ သခင်သင်းကြည်၊ ဒေါက်တာမန်းမြင့်ဆိုင်၊ ရန်ကုန်ဘဆွေနှင့် မိသားစု၊ ကျားနက်တပ်ရင်းမှူးထွန်းမြိုင်နှင့် ၁၀ ဦး၊ တောင်ပိုင်းတိုင်းမှ ပြည်သိမ်း တပ်ရင်းမှူး ဖေတင်၊ တပ်မမှူးတင်ငွေ၊ ဒုတိယ တပ်ရင်းမှူးအောင်နိုင်၊ မြဝတီရဲခေါင်၊ တွဲဖက်အတွင်းရေးမှူး ဦးသုဝေနှင့်ဇနီး အပါအဝင် ပြည်ပြေးအဖွဲ့မှ ၄၅၈ ဦး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ကြ၍ ပြည်ပြေးအဖွဲ့၏ လှုပ်ရှားမှုလည်း ချုပ်ငြိမ်းသွားခဲ့လေသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရခေတ်တွင်မူ ငြိမ်းချမ်းရေးစာချုပ်၌ တရားဝင် လက်မှတ်မရေးထိုးနိုင်ခဲ့သော်လည်း Gentlemen agreement အရ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲနိုင်ခဲ့သဖြင့် တစ်နိုင်ငံလုံးနီးပါး အေးချမ်းလာသည်။

၁၉၈၉ ခုနှစ်ကစတင်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများဖွဲ့စည်း၍ ဒေသဖွံ့ဖြိုးရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခဲ့၍ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသော နယ်စပ်ဒေသများ မျှမျှတတ တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။

၂၀၁၀ ဒီမိုကရေစီအစိုးရ ပထမ သက်တမ်းကာလတွင်မူ သမ္မတ ဦးသိန်းစိန်အစိုးရသည် "ငြိမ်းချမ်းရေးမရှိဘဲ ဒီမိုကရေစီစနစ်မထွန်းကားနိုင်သလို ငြိမ်းချမ်းရေးမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှု မဖြစ်နိုင်"ဟုခံယူကာ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ငြိမ်းချမ်းရေး ကမ်းလှမ်းမှုတစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့ပြန်သည်။

**ငြိမ်းချမ်းရေး ဆွေးနွေး**

ငြိမ်းချမ်းရေး ဆွေးနွေးရာတွင် ပြည်နယ်အဆင့်သဘောတူညီချက်နှင့် ပြည်ထောင်စုအဆင့် သဘောတူညီချက်ဟူ၍ လုပ်နိုင်သည့်အဆင့်များဖြင့် စတင်ခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ဖြစ်ပေါ်လာရေးအတွက် အဖွဲ့ပေါင်းစုံမှ ညှိနှိုင်းရေးဆွဲခဲ့ကြသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ပေါင်း ၁၆ ဖွဲ့နှင့်ဆွေးနွေးခဲ့ပြီး အားလုံးသဘောတူညီမှုဖြင့် ၂၀၁၅ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် အချောသပ်နိုင်ခဲ့ကြသည်။ သို့သော် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပသည့် သမိုင်းဝင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးပွဲတွင်မူ အကြောင်းကြောင်းကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ရှစ်ဖွဲ့နှင့်သာ တရားဝင်လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ NCA ငြိမ်းချမ်းရေး ခရီးစဉ်အစအဆုံး ရက်ပေါင်း ၁၄၅၀ ရက်ကြာမြင့်ခဲ့ပြီး အစည်းအဝေးပေါင်း ၅၀၀၀ ခန့်ရှိခဲ့သည်။

၂၀၁၅ ခုနှစ် ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းကာလတွင်မူ NLD အစိုးရသည် ယခင်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအမည်အစား ၂၁ ရာစု ပင်လုံ ငြိမ်းချမ်းရေးညီလာခံအမည်ဖြင့် လေးကြိမ်တိုင်တိုင် ဆက်လက်ကျင်းပခဲ့ရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့နှင့် ထပ်မံသဘောတူညီချက်ရရှိခဲ့ပါသည်။

သို့ဖြင့် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင် ကရင်အမျိုးသားအစည်းအရုံး(KNU)၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)၊ ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ(KNU–KNLA/PC)၊ ရခိုင် အမျိုးသားလွတ်မြောက်ရေးပါတီ (ALP)၊ ချင်းအမျိုးသားတပ်ဦး(CNF)၊ ပအိုဝ်းလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO)၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရေစီ တပ်ဦး(ABSDF)၊ မွန်ပြည်သစ်ပါတီ(NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDC) စသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း စုစုပေါင်း ၁၀ ဖွဲ့တို့နှင့် သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ သို့ရာတွင် ငြိမ်းချမ်းရေးခရီးလမ်းကား မပြီးဆုံးသေးပါ။ ခရီးဆုံးကို ဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် လိုအပ်နေဆဲ။ မပြီးဆုံးသေးသော ခရီးရှည်ကြီးအတွက် ခေါင်းဆောင်အဆက်ဆက်တို့၏ ပခုံးထက်ဝယ် သမိုင်းပေးတာဝန်က ရှိနေသေးသည်။

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်။

**တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ မိဘပြည်သူများခင်ဗျား။**

**"နိုင်ငံတော်အစိုးရနဲ့ တပ်မတော်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အစဉ်အဆက် တောင်းဆိုလာခဲ့တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးကို ခိုင်ခိုင်မာမာအာမခံထားပြီးဖြစ်ပါတယ်။ လာမယ့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်ပါတယ်။ ၇၅ နှစ် ကာလကြာပြီဖြစ်တဲ့လွတ်လပ်ရေးရဲ့ အနှစ်သာရများကို တိုင်းရင်းသားပြည်သူများ အပြည့်အဝမခံစားရသေးတာကိုလည်း လက်ရှိပကတိဖြစ်ရပ်များက ပြဆိုနေပါတယ်။ အဓိက အကြောင်းအရာကတော့ သဘောထားကွဲလွဲမှုများအပေါ်မှာ အခြေခံပြီး ဖြစ်ပေါ်လာတဲ့ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများကြောင့်ပဲ ဖြစ်ပါတယ်။**

**ဒါကို ကျွန်တော်တို့ဖြေရှင်းနိုင်မှသာ ဒီမိုကရေစီရဲ့အနှစ်သာရ လွတ်လပ်ရေးအနှစ်သာရကို အပြည့်အဝခံစားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီ ၂၀၂၂ ခုနှစ်ဟာ ငြိမ်းချမ်းရေးနှစ်ဖြစ်ကြောင်းနဲ့ တစ်နိုင်ငံလုံးမှာ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းချမ်းရေးကို ဆောင်ရွက်သွားမယ်လို့ ကျွန်တော်ပြောခဲ့ပါတယ်။**

**ဒါကို လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ဖို့လိုအပ်တဲ့အတွက်ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရဲ့ခေါင်းဆောင်များကို တွေ့ဆုံဆွေးနွေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။ အဖွဲ့များအားလုံးကို ကျွန်တော်ကိုယ်တိုင်တွေ့ပါမယ်။ ပြီးရင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်ကိုယ်စားလှယ်များနဲ့ ဆွေးနွေးမှုများ ပြုလုပ်သွားပါမယ်။**

**လိုအပ်ရင်လည်း ထပ်မံဆွေးနွေးမှုတွေကိုလည်း ပြုလုပ်သွားပါမယ်။ ဒီဆွေးနွေးမှုကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီးရဲ့ ခေါင်းဆောင်များကိုယ်တိုင်နဲ့ အဖွဲ့ဝင် နှစ်ဦးစီ တက်ရောက်ပေးကြပါ။ တက်ရောက်မယ့် ပုဂ္ဂိုလ်များရဲ့အမည်ကို ၂၀၂၂ ခုနှစ် မေလ ၉ ရက်နေ့ နောက်ဆုံးထားပြီး ပြန်ကြားပေးကြစေလိုပါတယ်။**

**နှစ်ဖက်ညှိနှိုင်းပြီးတော့မှ ရက်သတ်မှတ်ဆွေးနွေးသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ တိုင်းရင်းသားပြည်သူအားလုံး ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးတိုးတက်မှုအရသာကို ခံစားနိုင်ရေး ကျွန်တော်တို့အားလုံးလက်တွဲပြီး ရိုးသားပွင့်လင်းစွာ ဆွေးနွေးသွားကြပါမယ်။**

**ပြည်ထောင်စုသားအားလုံးရဲ့အကျိုးကိုရှေးရှုပြီး ပူးပေါင်းဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။"**

**ထပ်မံဖိတ်ခေါ် ကမ်းလှမ်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မပြီးဆုံးသေးသော ငြိမ်းချမ်းရေးခရီးတွင် အားလုံးအတူတကွ ဆက်လက်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို ယခုထပ်မံဖိတ်ခေါ်ကမ်းလှမ်းခဲ့ပြန်ပါသည်။

ငြိမ်းချမ်းရေးတေးသံများကား တစ်ကျော့ပြန်လွင့်ပျံ့လာခဲ့ချေပြီ။ ဒေသခံတိုင်းရင်းသားပြည်သူများ၊ တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေကြရသူများ ကြားမိပါလေစ။

"ကမ်းလက်လှမ်းသောလက်တွေ ဆုံတွေ့ပြီ၊ ဘေးစကားအတွေးမှားသိမြင်တူညီဖယ်ရှားမည်၊ မှောင်မိုက်ခြင်းရဲ့ အဓိပ္ပာယ် အလင်းတန်းတွေ့ရင် သိလိမ့်မယ်၊ ဟန်ဆောင်ကင်းတဲ့အဓိပ္ပာယ် အပြုံးများသက်သေသိလိမ့်မယ်။ ငြိမ်းချမ်းရေးပန်းခင်းထဲမှာ ပျော်မွေ့မယ်"

တစ်ခေတ်တစ်ခါက "ငြိမ်းချမ်းရေးပန်းခင်း" တေးသံကို ပြန်လည်ကြားယောင်လာမိသည်။ ကမ်းလက်လှမ်းသောလက်တွေ ဆုံတွေ့နိုင်စေသား။ ။

# စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၅-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၇၅ | ၂၀၂၀ | ၂၀၁၅ | ၁၉၈၅ | ၂၀၂၀ | ၂၀၄၅ | ၂၀၃၀ | ၂၀၀၅ | ၂၁၀၀ | ၂၁၁၅ | ၂၀၁၅ | ၂၀၂၀ | ၂၀၅၅ | ၂၀၆၀ | ၂၀၆၀ | ၂၂၈၀ | ၂၄၃၀ |
| 95 Ron | ၂၀၃၀ | ၂၀၇၅ | ၂၀၇၅ | ၂၀၃၅ | ၂၀၇၅ | ၂၀၉၅ | ၂၀၈၀ | ၂၀၆၀ | ၂၁၅၅ | ၂၁၇၀ | ၂၀၆၅ | ၂၀၈၀ | ၂၁၁၀ | ၂၁၁၀ | ၂၁၁၅ | ၂၃၃၀ | ၂၆၀၅ |
| HSD (500 ppm) | ၂၂၇၀ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၁၅ | ၂၃၃၅ | ၂၃၃၀ | ၂၃၀၀ | ၂၄၁၅ | ၂၄၁၀ | ၂၃၀၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၅ | ၂၅၇၀ | ၂၆၉၀ |
| HSD (50 ppm) | ၂၂၉၅ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၄၅ | ၂၄၃၅ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၀ | ၂၆၀၀ | ၂၇၂၅ |
| HSD (10 ppm) | ၂၂၉၅ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၄၅ | ၂၄၃၅ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၀ | ၂၆၀၀ | ၂၇၂၅ |

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၇၈ | ၁၉၄၉ |
| 95 Ron | ၁၉၂၉ | ၂၀၀၁ |
| HSD (500 ppm) | ၂၁၆၂ | ၂၂၃၅ |
| HSD (50 ppm) | ၂၁၉၀ | ၂၂၆၃ |
| HSD (10 ppm) | ၂၁၉၀ | ၂၂၆၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

## ဆိုင်ကလုန်းမုန်တိုင်း“အာစန်နီ(Asani)”၏ အရှိန်ကြောင့် မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် မိုးထစ်ချုန်းရွာနိုင်ပြီး အချို့ဒေသများတွင် ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်


**နေပြည်တော် မေ ၁၁**

ယနေ့ ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း “အာစန်နီ”သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ကာကီနာဒါမြို့၏ အနောက်တောင်ဘက် ရေမိုင် ၅၀ ခန့်၊ ဗီဆာကာပတ္တနမ်မြို့၏ အနောက်တောင်ဘက် ရေမိုင် ၁၂၀ ခန့်၊ မြန်မာနိုင်ငံ ဟိုင်းကြီးကျွန်းမြို့၏ အနောက်ဘက် ရေမိုင် ၇၂၀ ခန့်နှင့် ဂွမြို့၏ အနောက်ဘက် ရေမိုင် ၇၄၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း“အာစန်နီ၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသေးပါသဖြင့် အဝါ ရောင်အဆင့်ဟု သတ်မှတ်သည်။

**ဆိုင်ကလုန်းမုန်တိုင်း၏ တည်နေရာ၊ ဗဟိုချက် လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း “အာစန်နီ ”သည် ညနေ ၅ နာရီခွဲ တွင် မြောက်လတ္တီကျူ ၁၆ ဒသမ ၃ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၁ ဒသမ ၈ ဒီဂရီတွင် ရှိပြီး ဗဟိုချက်လေဖိအား ၉၉၃ ဟက်တိုပါ စကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၅၀ မှ ၅၅ မိုင်နှုန်းခန့်ဖြစ်သည်။




**နောက် ၄၈ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် မြောက်- အရှေ့ မြောက်ဘက် သို့ ဆက်လက်ရွေ့လျားပြီး နောက် ၁၂ နာရီအတွင်း အိန္ဒိယနိုင်ငံ ကာကီနာဒါနှင့် ဗီဆာကာပတ္တနမ်ကမ်းခြေများ တစ်လျှောက်သို့ ရွေ့လျားနိုင်ပြီးနောက် ဘင်္ဂလားပင်လယ်အော်အနောက် အလယ်ပိုင်း (အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်း ကမ်းရိုးတန်းအနီး) သို့ ရောက်ရှိနိုင်သည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် မေ ၁၂ ရက်တွင် အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ ထိုမှတစ်ဆင့် မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။


**သတိပေးနှိုးဆော်ချက်**

ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် ယနေ့ ညမှ မေ ၁၃ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်နှင့်မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အဆိုပါဆိုင်ကလုန်းမုန်တိုင်း“အာစန်နီ”၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

မိုး/ဇလ



# အိန္ဒိယနိုင်ငံ မြောက်ပိုင်းဒေသများတွင် အပူရှိန်လွန်ကဲပြင်းထန်ပြီး ရေနှင့် လျှပ်စစ်ဓာတ်အားများ ပြတ်တောက်



အိန္ဒိယနိုင်ငံတွင် ရေရရှိရန် တန်းစီစောင့်ဆိုင်းပြီး အလုအယက်ရေရယူနေသည်ကို တွေ့ရစဉ်။

**နယူးဒေလီ မေ ၁၁**

အိန္ဒိယနိုင်ငံ မြောက်ပိုင်းဒေသများ၌ အပူရှိန် လွန်ကဲပြင်းထန်နေချိန်တွင် ရေနှင့်လျှပ်စစ်အသုံးပြုမှုများလာသဖြင့် ရေနှင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

မကြာသေးမီ သီတင်းပတ်က နယူးဒေလီရှိ အပူချိန်သည် ကြောက်စရာကောင်းလောက်အောက် မြင့်တက်လာခဲ့ပြီး ၄၅ ဒီဂရီဆဲလ်စီးယပ်အထိ ရောက်ရှိခဲ့သည်။

အဆိုပါအခြေအနေကို အကောင်းဆုံးရင်ဆိုင်ရန်ကြိုးစားနေကြသည်။ ထို့အပြင် နေ့စဉ်နေ့တိုင်း ရေရရှိရန် ပြည်သူအများအပြားတန်းစီစောင့်ဆိုင်းနေကြရသည်။

ယခုနှစ်တွင် နွေရာသီအဝင်စောသည်။ အိန္ဒိယနိုင်ငံသည် ရာစုနှစ် တစ်ခုကျော် အပူပြင်းဆုံး မတ်လကို ရင်ဆိုင်အန်တုလျက်ရှိသည်။

လူများနှင့်အတူ တိရစ္ဆာန်များလည်း ပြင်းထန်သောအပူကို ခံစားနေရသည်။ အနောက်ဘက်မြို့ဖြစ်သည့် ပွန်းမြို့ရှိ တိရစ္ဆာန်ရုံတွင် လေပန်ကာများ၊ ရေဖျန်းကိရိယာများနှင့် ရေအေးစက်များ တပ်ဆင်ထားရသည်။

အပူချိန်သည် လာမည့်သီတင်းပတ်များအတွင်း ကျယ်ဝန်းသည့်ဒေသများတွင် ဆက်လက်မြင့်တက်လာမည်ဖြစ်သောကြောင့် ဒေသအစိုးရများသည် အပူဒဏ်ကာကွယ်ရေးအတွက် ဆောင်ရွက်စရာရှိသည်များကို ဆောင်ရွက်လျက်ရှိသည်။

အင်န်အိတ်ချ်ကေ

# အမေရိကန်နိုင်ငံ၌ ဓာတ်ဆီဈေးနှုန်းများနှင့် ဒီဇယ်ဈေးနှုန်းများ မြင့်တက်

**ဝါရှင်တန် မေ ၁၁**

အမေရိကန်နိုင်ငံတွင် နိုင်ငံလုံးဆိုင်ရာ ပုံမှန်ပျမ်းမျှဓာတ်ဆီဈေးနှုန်းများနှင့် ဒီဇယ်ဈေးနှုန်းများသည် မေ ၁၁ ရက်က နောက်ထပ်တစ်ဖန် ထပ်မံမြင့်တက်လာခဲ့သည်။

အမေရိကန်မော်တော်ကားအဖွဲ့ (AAA)က မေ ၁၁ ရက်တွင် ပုံမှန်ဓာတ်ငွေ့ဈေးနှုန်းများသည် တစ်ဂါလန်လျှင် လေးဆင့်ထပ်တိုးလာခဲ့ပြီး ၄ ဒသမ ၃၇ ဒေါ်လာအထိ ရောက်ရှိလာကြောင်း၊ ယင်းပမာဏသည် မတ် ၁၁ ရက်က အမြင့်ဆုံးမြင့်တက်ခဲ့သောဈေးနှုန်း ၄ ဒသမ ၃၃ ဒေါ်လာကို ကျော်လွန်သွားခဲ့ကြောင်း ပြောသည်။

ထို့အတူ ဒီဇယ်ဈေးနှုန်းများမှာလည်း အမြင့်ဆုံးဈေးနှုန်းအထိ ရောက်ရှိလာခဲ့သည်။ လွန်ခဲ့သောသီတင်းပတ်က ၂၃ ဆင့် တိုးလာပြီး ၅ ဒသမ ၅၅ ဒေါ်လာအထိ ရောက်ရှိခဲ့သည်။

ယခုလို ဈေးနှုန်းများမြင့်တက်ခြင်းသည် ရေနံစိမ်း ဈေးနှုန်းများ တက်လာခြင်းကြောင့်ဖြစ်သည်။ လွန်ခဲ့သောသီတင်းပတ်က ရေနံစိမ်းတစ်စည်ကို ဒေါ်လာ ၁၀၀ အထိ တက်လာရာမှ ယခုတွင် ၁၁၀ ဒေါ်လာအထိ တိုးလာခဲ့ကြောင်း AAA ကပြောသည်။

ဓာတ်ငွေ့ဈေးနှုန်းများနှင့် ဒီဇယ်ဈေးနှုန်းများ တက်လာခြင်းက ငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေနိုင်ပြီး စီးပွားပျက်ကပ်ဆိုက်ရောက်လာမည်ကို စိုးရိမ်လျက်ရှိကြသည်။

ဆင်ဟွာ




အမေရိကန်ပြည်ထောင်စုရှိ လောင်စာဆီ ရောင်းချနေသည့် ဆိုင်တစ်ဆိုင်တွင် သတ်မှတ်ဈေးနှုန်းများ ဖော်ပြထားမှုကို တွေ့ရစဉ်။

# ဖိလစ်ပိုင်သမ္မတ ရွေးကောက်ပွဲတွင် မားကို့စ်ဂျူနီယာ အနိုင်ရ

**မနီလာ မေ ၁၁**

ဖာဒီနန်မားကို့စ်ဂျူနီယာ၏ ပြောရေးဆိုခွင့်ရှိသူ ဗစ်တာရိုဒရီဂွက်ဇ်သည် ဖိလစ်ပိုင်နိုင်ငံတွင် မေ ၉ ရက်က ကျင်းပသောသမ္မတရွေးကောက်ပွဲ၌ အထက်လွှတ်တော်အမတ်ဟောင်း မားကို့စ်ဂျူနီယာက အနိုင်ရရှိကြောင်း မေ ၁၁ ရက် မွန်းလွဲပိုင်းက ပြောကြားလိုက်သည်။ မားကို့စ်ဂျူနီယာသည် အထက်လွှတ်တော်အမတ်အဖြစ် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

အဆိုပါရွေးကောက်ပွဲတွင် မားကို့စ်ဂျူနီယာသည် ရေတွက်ပြီး မဲအရေအတွက် ၉၈ ရာခိုင်နှုန်းတွင် မဲအရေအတွက် ၁၆ သန်း ကျော်ဖြင့် ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။ ထို့ကြောင့်



ဘုံဘုံဟု လူသိများသော သမ္မတဟောင်း ဖာဒီနန်မားကို့စ်၏ သားဖြစ်သူ ဖာဒီနန်မားကို့စ်ဂျူနီယာသည် ဖိလစ်ပိုင်နိုင်ငံ၏ ၁၇ ဦးမြောက် သမ္မတ ဖြစ်လာမည်ဖြစ်သည်။

ဆင်ဟွာ

## ဗီယက်နမ်၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူသစ် ၂၇၅၈ ဦးရှိလာ

**ဟန္နိုင်း မေ ၁၁**

ဗီယက်နမ်နိုင်ငံတွင် မေ ၁၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၇၅၈ ဦးရှိလာကြောင်းနှင့် မေ ၁၀ ရက်ကထက် ၉၃ ဦး ကျဆင်းသွားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ထပ်မံကူးစက်ဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် ပြည်တွင်းကူးစက်မှုများဖြစ်ကြပြီး ပြည်နယ်နှင့် မြို့တော် ၅၃ ခု၏ ကူးစက်ဖြစ်ပွားမှုများဖြစ်သည်။

ဗီယက်နမ်မြို့တော်ဟန္နိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဗဟိုချက်နေရာအဖြစ် ဆက်လက်တည်ရှိလျက်ရှိပြီး မေ ၁၁ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၃၈ ဦးရှိသည်။ ထို့နောက် နီအန်းပြည်နယ်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၇၈ ဦးနှင့် ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဖူသိုပြည်နယ်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၅၉ ဦးရှိသည်။

ထပ်မံကူးစက်ဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအပါအဝင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၀၆၈၃၉၇၂ ဦးအထိ ရှိလာပြီဖြစ်သည်။ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူ ၉၃၂၇၅၂ ဦးမှာ ပြန်လည်ကောင်းမွန်လာပြီဖြစ်သည်။

ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၂၁၆ ဒသမ ၁ သန်းကျော်လွန်လာပြီဖြစ်သည်။

ဆင်ဟွာ

# ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များ ဆက်လက်ထွက်ခွာ




**ရန်ကုန် မေ ၁၁**

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ကျန်ရှိနေသည့် ပြည်တွင်းအားကစားအဖွဲ့များအနေဖြင့် မေ ၁၁ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဗီယက်နမ်နိုင်ငံသို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

အရှေ့တောင်အာရှအားကစား (ဆီးဂိမ်း) ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်မှ ကာယဗလအားကစားပြိုင်ပွဲတွင် ၅၅၊ ၆၅၊ ၇၀၊ ၈၀၊ ၈၅ ကီလိုတန်း၊ အလွတ်တန်းပြိုင်ပွဲ ၊ အမျိုးသမီးကာယဗလပြိုင်ပွဲ (Women Body building)၊ အမျိုးသား+အမျိုးသမီး( Miss Pair ) စုံတွဲပြိုင်ပွဲ အသီးသီးဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

"အရှေ့တောင်အာရှ ၁၀ နိုင်ငံမှာ အရည်အသွေးကောင်းတယ်။ ကျွန်တော်တို့ အဓိကယှဉ်ရမှာက ထိုင်းနဲ့ ဗီယက်နမ်ပါ။ အဲဒီ နှစ်နိုင်ငံကတော့ အင်ပြည့်အားပြည့်ပါပဲ။ အဲဒီနှစ်နိုင်ငံကိုတော့ အဓိကထားယှဉ်ပြိုင်ရမှာပါ။ မြန်မာကာယဗလအဖွဲ့ကတော့ မေ ၁၄ ရက်ကနေစပြီး ပြိုင်ပွဲစတင်ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ရွှေ ငွေ ၊ကြေး သုံးခုစလုံးကို မျှော်လင့်ထားပါတယ်"ဟု မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်မှ နိုင်ငံတကာဒိုင်လူကြီး ဦးနေလင်းက ပြောသည်။

ထို့ပြင် ဂေါက်သီး(Golf) ၊ ပီတန်း၊ E-sports ၊ ကာယဗလ၊ ဘီလီယက်နှင့် စနူကာ၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ မြားပစ်အားကစားအဖွဲ့များတွင် နည်းပြများ၊ အုပ်ချုပ်သူများ၊ အားကစားသမားများ ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေး၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယမြို့တော်ဝန်၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ အဖွဲ့ချုပ်မှ တာဝန်ရှိသူများ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

အဆိုပါ (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ဟနွိုင်းမြို့နှင့် အခြားမြို့များတွင် မေ ၁၂ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

## (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာမြားပစ်အဖွဲ့ ကစားသမား ၁၃ ဦးဖြင့် ယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၁၁**

(၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ မြားပစ်အားကစားနည်းတွင် မြန်မာမြားပစ်အဖွဲ့က ကစားသမား ၁၃ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ဆီးဂိမ်း မြားပစ်ပြိုင်ပွဲကို မေ ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစား ၁၀ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်မည့် မြန်မာမြားပစ်အဖွဲ့တွင် အုပ်ချုပ်သူ ဒေါ်သီသီဝင်း၊ နိုင်ငံခြားသားနည်းပြ- မစ္စတာ ယွန်ဖြောင်ဆန်း၊ နည်းပြ- ဦးအောင်သူရ၊ ဦးလင်းနိုင်၊ ဒေါ်မြတ်သူဇာမြင့်၊ ကစားသမားများအဖြစ် Recurve အမျိုးသား-ထိုက်လင်းဦး၊ နေလင်းဦး၊ သီဟထက်ဇော်၊ ကောင်းခန့်မော်၊ အမျိုးသမီး-သီတာနွယ်၊ ပြည့်စုံနှင်း၊ ဇာခြည်ဝင်း၊ ယမင်းသူ၊ Compound အမျိုးသား-ဇင်သူရိန်မှူး၊ နေမျိုးအောင်၊ ကျော်သီဟဦး၊ ဟိန်းထက်အောင်၊ အမျိုးသမီး-စုစုလှိုင်တို့ ပါဝင်ကြသည်။

ဆီးဂိမ်း မြားပစ်ပြိုင်ပွဲတွင် Recurve ၌ ပြိုင်ပွဲအမျိုးအစား ငါးမျိုး၊ Compound တွင် ပြိုင်ပွဲအမျိုးအစား ငါးမျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာမြားပစ်အဖွဲ့အနေဖြင့် အမျိုးသမီး Compound အသင်းလိုက်ပြိုင်ပွဲမှလွဲ၍ ကျန်ပြိုင်ပွဲအမျိုးအစား ကိုးမျိုးတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာ မြားပစ်အဖွဲ့အနေဖြင့် Recurve အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အသင်းလိုက်ပြိုင်ပွဲ၊ Mix-Team ပြိုင်ပွဲ၊ Compound အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲနှင့် Mix-Team ပြိုင်ပွဲတို့တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာမြားပစ်အဖွဲ့သည် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် ငွေ သုံးခု၊ ကြေး နှစ်ခု ဆွတ်ခူးရရှိခဲ့သည်။

**ရဲရင့်လွင်**

## (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

31st SEA GAMES HA NOI 2021

၁၁-၅-၂၀၂၂

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ဗီယက်နမ် | ၁၀ | ၇ | ၁၆ | ၃၃ |
| ၂ | မလေးရှား | ၉ | ၃ | ၁၁ | ၂၃ |
| ၃ | အင်ဒိုနီးရှား | ၃ | ၄ | ၁ | ၈ |
| ၄ | ဖိလစ်ပိုင် | ၁ | ၅ | ၇ | ၁၃ |
| ၅ | စင်ကာပူ | ၁ | ၄ | ၃ | ၈ |
| ၆ | ထိုင်း | ၁ | ၂ | ၁၅ | ၁၈ |
| ၇ | မြန်မာ | ၁ | ၀ | ၁ | ၂ |
| ၈ | ဘရူနိုင်း | ၀ | ၁ | ၁ | ၂ |
| ၉ | လာအို | ၀ | ၀ | ၃ | ၃ |
| ၁၀ | ကမ္ဘောဒီးယား | ၀ | ၀ | ၂ | ၂ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၀ | ၀ |

❊ *ကျောဖုံးမှ*

ဒုတိယနေရာတွင် ရပ်တည်နေသည်။ ပြိုင်ဘက် ဗီလာအသင်းက ၃၅ ပွဲကစားပြီး ၄၃ မှတ်ဖြင့် အဆင့် (၁၁) နေရာတွင် ရပ်တည်နေသည်။

လူးဝစ်က ပွဲချိန် ၁၁ မိနစ်တွင် ဂိုးသွင်းယူနိုင်ခဲ့သဖြင့် အက်စ်တွန်ဗီလာအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ဦးဆောင်ဂိုး ခွင့်ပြုပေးလိုက်ရပြီးနောက် သုံးမိနစ်အကြာတွင် လီဗာပူးအသင်းအတွက် ချေပဂိုးကို မာတစ်က သွင်းယူပေးခဲ့သည်။ လီဗာပူးအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန် ၆၅ မိနစ်တွင် ရရှိခဲ့ပြီး ဒီယက်ဇ်၏ ဖန်တီးမှုမှ မာနေးက သွင်းယူပေးခဲ့သည်။ မာနေးသည် အက်စ်တွန်ဗီလာအသင်းနှင့် ကစားသည့် ၁၀ ပွဲတွင် ကိုးဂိုးအထိ သွင်းယူထားနိုင်ပြီဖြစ်သည်။

**အောင်ဇော်**

❍ *ကျောဖုံးမှ*

အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စု (က) ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ဗီယက်နမ်နှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဗီယက်နမ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ယခုနောက်ပိုင်းနှစ်များတွင် တစ်ဟုန်ထိုး တိုးတက်လာပြီး ကမ္ဘာ့ဖလားပြိုင်ပွဲပင် ဝင်ခွင့်ရထားသည့် ဖိလစ်ပိုင်အသင်းသည် အိမ်ရှင်ဗီယက်နမ်ကို အကောင်းဆုံး တုံ့ပြန်နိုင်ခဲ့သော်လည်း ဦးဆောင်ဂိုး မထိန်းနိုင်သဖြင့် ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။

အုပ်စုပထမပွဲတွင် ကမ္ဘောဒီးယားကို ဂိုးပြတ်အနိုင်ရထားသည့် ဖိလစ်ပိုင်အသင်းသည် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ဗီယက်နမ်အသင်းက ချေပဂိုးနှင့် အနိုင်ဂိုးပြန်သွင်းကာ အမှတ်ပြည့် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်အသင်းသည် နောက်ဆုံးပွဲတွင် ကမ္ဘောဒီးယားကို အနိမ့်ဆုံး သရေကစားနိုင်ရုံဖြင့် အုပ်စုပထမနေရာရရှိမည်ဖြစ်သည်။ လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းမှာလည်း အမှားအယွင်းမရှိ ကစားနိုင်ခဲ့ပြီး ရလဒ်ကောင်း ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အမျိုးသား ဘောလုံးပြိုင်ပွဲအဖြစ် အုပ်စု(ခ) ပွဲစဉ်များ ကျင်းပခဲ့ပြီး စင်ကာပူအသင်းက ကမ္ဘောဒီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ မလေးရှားအသင်းက လာအိုအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အုပ်စုပထမပွဲတွင် နာမည်ကြီး ထိုင်းအသင်းကို အနိုင်ရခဲ့သည့် မလေးရှားအသင်းသည် လာအိုကို ဂိုးပြတ်အနိုင်ယူကာ နှစ်ပွဲဆက် အနိုင်ရခဲ့သည်။ မလေးရှားအသင်းသည် နှစ်ပွဲဆက် အနိုင်ရလဒ်ကြောင့် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရရန် အခြေအနေကောင်းသွားခဲ့သည်။

မလေးရှားအသင်းသည် ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးသွင်းယူခဲ့ပြီး လာအိုအသင်းသည် သုံးဂိုးပေးလိုက်ရပြီးမှ တစ်ဂိုး ပြန်သွင်းနိုင်ခဲ့ခြင်းဖြစ်သည်။ နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးထားသည့် စင်ကာပူအသင်းသည် ၂၀၁၉ ပြိုင်ပွဲ ဆီမီးဖိုင်နယ်ရောက်ရှိခဲ့သည့် ကမ္ဘောဒီးယားအသင်းကို မထင်မှတ်ဘဲ အနိုင်ရရှိခဲ့သည်။ ကမ္ဘောဒီးယား အသင်းသည် ပထမပွဲတွင် လာအိုကို ဂိုးပြတ်အနိုင်ရခဲ့သော်လည်း ယခုပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ စင်ကာပူ အသင်းအတွက် အနိုင်ဂိုးကို ၃၆ မိနစ်တွင် အက်ကာဘာက သွင်းယူခဲ့သည်။

**ရဲရင့်လွင်**

### ကျောက်တလုံးကြီးမြို့၌ အသိပညာပေး စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ကျောက်တလုံးကြီး မေ ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူငယ်များအတွက် အဓိကရည်ရွယ်ပြီး လူငယ်တွေစဉ်းစားဖို့ ခေါင်းစဉ်ဖြင့် အသိပညာပေးစကားဝိုင်း ဆွေးနွေးပွဲကို လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းမျိုးဆောင်းကျော်က စကားဝိုင်းဆွေးနွေးပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး လူငယ်များအနေဖြင့် ပညာရေး၊ အလုပ်အကိုင်ရွေးချယ်မှုများနှင့် ပတ်သက်၍ အချိန်နှင့်ငွေကြေးကို အကျိုးရှိရှိ အသုံးချပြီး မိမိဝါသနာပါရာကို မှန်မှန်ကန်ကန် ရွေးချယ်နိုင်ရန် ဆွေးနွေးသည်။

ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးအနေဖြင့် ပြည်သူများအသိပညာဗဟုသုတရရှိစေရန်အတွက် အွန်လိုင်းမှတစ်ဆင့် အသိပညာပေးစကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်များကို ရိုက်ကူးတင်ဆက်ပေးလျက်ရှိသည်။

**စည်သူ(ပြန်/ဆက်)**

# မေ ၁၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါဖြင့် သေဆုံးသူမရှိ

**(၁၁-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၀–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၁၀၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၀၄၉,၈၅၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၀၈၂) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၀၀၁) ဦး ရှိပြီ ဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၀–၅–၂၀၂၂) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၃၀,၉၉၄,၃၇၅) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၆,၆၆၄,၅၁၃) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူ (၂၄,၃၂၉,၈၆၂) ဦးနှင့် ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံပြီးစီးသူ (၁,၆၆၅,၅၆၉) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၀–၅–၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၅၆,၉၈၉,၈၀၆) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၁–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၈၉) ခု | (၁၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၂) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၄၂) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၂၆၄) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၁၄၃) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၈၀၇) ခု | (၁) ဦး |
| **စုစုပေါင်း** | (၉,၁၀၃) ခု | (၁၆) ဦး |

**COVID–19 ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၁၀–၅–၂၀၂၂) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၆,၆၆၄,၅၁၃) ဦး |
| ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၂၄,၃၂၉,၈၆၂) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၁,၆၆၅,၅၆၉) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၃၀,၉၉၄,၃၇၅) ဦး |
| **စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses)** | **(၅၆,၉၈၉,၈၀၆) ကြိမ်** |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၁-၅-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၃၇၇၈၇၆၀ | ၈၁၀၅၉၀၉၃ | ၁၀၂၅၁၀၄ |
| ၂။ | အိန္ဒိယ | ၄၃၁၁၀၅၈၆ | ၄၂၅၆၆၉၃၅ | ၅၂၄၁၅၇ |
| ၃။ | ဘရာဇီး | ၃၀၅၉၄၃၈၈ | ၂၉၆၈၁၁၂၀ | ၆၆၄၄၄၃ |
| ၄။ | ပြင်သစ် | ၂၉၀၂၁၂၂၄ | ၂၇၈၂၅၀၃၁ | ၁၄၆၉၇၉ |
| ၅။ | ဂျာမနီ | ၂၅၄၉၀၁၅၆ | ၂၃၆၇၆၇၀၀ | ၁၃၇၂၂၂ |
| ၆။ | ဗြိတိန် | ၂၂၁၄၄၆၂၈ | ၂၁၅၈၉၉၈၇ | ၁၇၆၄၂၄ |
| ၇။ | ရုရှား | ၁၈၂၄၁၃၂၉ | ၁၇၆၁၉၄၁၄ | ၃၇၇၂၄၈ |
| ၈။ | တောင်ကိုရီးယား | ၁၇၆၅၈၇၉၄ | စိစစ်ဆဲ | ၂၃၄၉၁ |
| ၉။ | အီတလီ | ၁၆၈၇၂၆၁၈ | ၁၅၆၂၄၉၁၅ | ၁၆၄၇၃၁ |
| ၁၀။ | တူရကီ | ၁၅၀၄၆၇၇၉ | ၁၄၉၄၄၃၉၃ | ၉၈၈၆၁ |

## ၁၁-၅-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၆၈၃၉၇၂ | ၉၃၂၇၅၂၃ | ၄၃၀၆၀ |
| အင်ဒိုနီးရှား | ၆၀၄၉၁၄၁ | ၅၈၈၆၈၇၀ | ၁၅၆၄၁၆ |
| မလေးရှား | ၄၄၆၃၇၄၀ | ၄၄၀၅၁၉၇ | ၃၅၅၉၀ |
| ထိုင်း | ၄၃၄၅၂၁၈ | ၄၂၃၇၆၉၂ | ၂၉၂၅၅ |
| ဖိလစ်ပိုင် | ၃၆၈၇၃၂၀ | ၃၆၂၃၂၄၃ | ၆၀၄၃၉ |
| စင်ကာပူ | ၁၂၂၅၀၂၄ | ၁၁၅၃၄၈၅ | ၁၃၅၆ |
| မြန်မာ | ၆၁၃၀၈၂ | ၅၉၂၀၀၁ | ၁၉၄၃၄ |
| လာအို | ၂၀၈၉၆၉ | ၂၀၇၁၈၂ | ၇၅၂ |
| ဘရူနိုင်း | ၁၄၃၆၁၆ | ၁၄၂၀၆၁ | ၂၁၉ |
| ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၁၈၄ | ၃၀၅၆ |

# ကဆုန်လပြည့် ဗုဒ္ဓနေ့ဝယ် အမုန်းကိုပယ် မေတ္တာကြွယ်၍ အောင်နိုင်သူများ ဖြစ်ပါစေ

**ထူးမြတ်မှုများစွာနှင့်အတူ ကဆုန်လပြည့်ဗုဒ္ဓနေ့ကို ဗုဒ္ဓဘာသာဝင်များအတွက် အမွန်းတင်ဂုဏ်ယူရမည့်နေ့တစ်နေ့အဖြစ် ကုသိုလ်ယူ ပူဇော်ဂုဏ်ပြုလိုက်ကြပါစို့။ ကုသိုလ်ထူးများဖြင့် အရာရာပြီးမြောက်အောင်မြင်ကြပါစေ။**

ဒေါက်တာမြတ်မိုး

မြတ်စွာဘုရားသည် အင်အားကြီးမားသော မာရ်နတ်ရန်ကို အောင်မြင်တော်မူခဲ့ပြီး ဘုရားဖြစ်တော်မူခဲ့ခြင်းဖြစ်၍ အောင်မြင်ခြင်းများဖြင့် ပြည့်စုံတော်မူပါပေသည်။ ဘုရားအလောင်းဘဝက ဖြည့်ကျင့်ခဲ့သော ပါရမီကုသိုလ်တော်တို့ကြောင့် ရဟန်းဂေါတမ တစ်ပါးတည်းပင် ကျန်ရစ်နေဦးတော့ ရန်သူမာရ်နတ်စစ်သည်တို့ကို အောင်မြင်တော်မူခဲ့သည်။

အရှင်ဂေါတမဘုရားအဖြစ်သို့ မရောက်အောင် ဘုရားအလောင်းတော် တရားကျင့်ကြံနေစဉ်အတွင်း အင်အားကြီးမားစွာဖြင့် အမျိုးမျိုးအနှောင့်အယှက်ပေးသော မာရ်နတ်တို့ကား အောင်မြင်ခြင်းမရှိဘဲ နောက်ဆုံးပြန်လည် ဆုတ်ခွာခဲ့ရတော့သည်။ ဓမ္မက အဓမ္မကို အောင်နိုင်ခြင်းပြယုဂ်ဖြစ်သည်။ မာရ်နတ်တို့ကို အောင်မြင်ခြင်းသည် ဘုရားရှင်၏ အောင်မြင်ခြင်းရှစ်ပါးအနက် ပထမဆုံးသော မေတ္တာဖြင့် အောင်မြင်မှုကြီးတစ်ခု ဖြစ်သည်။ ထို့နောက်မှ သစ္စကပရိဗိုဇ်၊ နန္ဒောပနန္ဒနဂါးမင်းစသည့် အတွင်းရန် အပြင်ရန်တို့ကို အောင်မြင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဤသို့ထူးခြားသော ဗုဒ္ဓနေ့တစ်နေ့တွင် ကုသိုလ်ထူးများ အထူးရယူ၍ ကျွန်တော်တို့ ပြည်သူပြည်သားအားလုံး အောင်မြင်မှုများဖြင့် အရာရာပြီးမြောက်ကြစေရန် မျှော်လင့်မိပါသည်။

### ဓမ္မအသိဖြင့် အောင်နိမိတ်ယူကာ ငြိမ်းချမ်းခြင်းသို့သာ

မည်သို့သော အောင်မြင်မှုပါနည်း၊ တည်ငြိမ်အေးချမ်းမှုကို ဦးတည်သည့် အောင်မြင်မှုမျိုးဖြစ်သည်။ ဗုဒ္ဓနေ့ကို အာရုံယူကာ အောင်အတိတ်၊ အောင်နိမိတ်ယူ၍ မတည်ငြိမ်မှုမှ တည်ငြိမ်မှုသို့၊ မငြိမ်းချမ်းမှုမှ ငြိမ်းချမ်းမှုသို့ ရှေးရှုချင်ပါသည်။ မငြိမ်းချမ်းမှု၏ တရားခံ လောဘ၊ ဒေါသ၊ မောဟတို့ကို အလောဘ၊ အဒေါသ၊ အမောဟတို့ဖြင့် အနိုင်ယူရပါမည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မာစိုရ်တရားများဖြင့် ကိလေသာအညစ်အကြေးများကို ဖယ်ရှားအနိုင်ယူနိုင်ရပါမည်။ အမုန်း၊ အာဃာတ၊ အငြင်းအခုံ ပဋိပက္ခများ ရန်လိုတိုက်ခိုက်မှုများကို ကောင်းမြတ်သောတရားများဖြင့် ဖယ်ရှားနိုင်ရပါမည်။ အမှန်ကို မသိ၊ အမှားကိုတော့ သိနေသည့် မောဟဆိုသော အဝိဇ္ဇာဖုံးလွှမ်းနေသမျှ အမောဟဆိုသော ပညာနှင့်ဝေးနေမည်သာဖြစ်၍ ပညာဦးတည်သော ဓမ္မတရားများကို အားထည့်နာကြားနာယူကြရန် များစွာလိုအပ်နေပါသေးသည်။

အယူစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ အစွဲကြီးမှု အမျိုးမျိုးကြားတွင် ဘာသာတရား အဆုံးအမများကား လျစ်လျူရှုခံနေရသကဲ့သို့ ခံစားမိသူတွေ ရှိနေသည်ကို အသိအမှတ်ပြုရပါမည်။ ဘာဆိုဘာမျှမမြဲ၊ ဘာတစ်ခုမှအစိုးမရ၊ ကိုယ်ပိုင်တာဘာမှမရှိ၊ အားလုံးဟာ ဆင်းရဲမှုချည်းသာဆိုသော တရားသဘောကို သိထားလျှင် ခံနိုင်ရည်ရှိပြီး အစွဲလည်းလျှော့မှ ကိလေသာလည်း အလိုလိုလျော့ပါးလာမည်သာ။

နောက်ဆုံးတွင် လူသားတို့၏အပူမီး၊ သောကမီးတို့ကို ငြိမ်းသတ်ပေးနိုင်သည်မှာလည်း ဗုဒ္ဓ၏ ဓမ္မတရားများသာဖြစ်သည်။ အနာဂတ်ဆိုတာ မသေချာ၊ ပစ္စုပ္ပန်မျက်မှောက်သာ အသေချာဆုံးကာလဖြစ်၍ ယခုလို ဗုဒ္ဓဘာသာ အခါကြီးရက်ကြီးမျိုးတွင် လောကီအမှုများကြား မအားလပ်သည့်ကြားမှ ကုသိုလ်အမှုများကို မမေ့မလျော့ပြုလုပ်၍ ငြိမ်းအေးသော ဓမ္မတရားတော်များကို အချိန်ပေးနာယူ၊ ကျင့်ကြံအားထုတ် အဖော်ပြုသွားကြစေလိုပါသည်။

### ပျော်ပျော်ကြီးပြုနေကြဆဲ ဒုစရိုက်များဖြင့်ဖရိုဖရဲ

အကုသိုလ်ရှောင်၍ ကုသိုလ်ဆောင်နိုင်ခြင်းသည်ပင် လောကီရေးရာအောင်မြင်မှု တစ်ခုဖြစ်ပါသည်။ ပညာပါရမီရင့်သန်လျှင် လောကုတ္တရာကုသိုလ်များအထိ တက်လှမ်းနိုင်ပါသည်။ အကုသိုလ်က အပယ်သို့လားသည်၊ ကုသိုလ်က သုဂတိသို့ ရှေးရှုသည်မှာ အားလုံးအသိဖြစ်၍ မည်သူမှ အပယ်သို့လားချင်ကြမည်မဟုတ်ပါ။ အတိတ်ဘဝက ကုသိုလ်ကောင်းမှုတွေပြုခဲ့၍ ယခုဘဝ လူ့ဘဝရောက်ခဲ့ကြပြီပဲ။ သို့သော် ကာယကံ၊ ဝစီကံ၊ မနောကံ အကုသိုလ်ကံတွေကို သိ၍ဖြစ်စေ၊ မသိ၍ဖြစ်စေ မြောက်မြားစွာပြုမိနေကြဆဲဖြစ်သည်။

ကုသိုလ်ထက် အကုသိုလ်က ပိုများနေပြီး သုစရိုက်ကျတော့ လုပ်ရကောင်းမှန်း မသိဘဲ ဒုစရိုက်အမှုများဖြင့်သာ ဖရိုဖရဲ အပယ်ငရဲသို့ ပျော်ပျော်ကြီး ရိက္ခာယူနေကြသည်ကို တွေ့မြင်ကြားသိနေရသည်။ ထို့ကြောင့်လည်း မရထိုက်သည်ကို ရနေကြရပြီး ရထိုက်သည်ကိုတော့ မရဘဲ ဖြစ်နေကြခြင်းဖြစ်သည်။ ယနေ့သတ္တဝါတို့၏ သဏ္ဍာန်တွင် လောဘ၊ ဒေါသ၊ မောဟတို့ အားအလွန်ကြီးလာသည်ဖြစ်၍ ကိုယ်လုပ်သည့် အကုသိုလ်ကံ ကိုယ်ပြန်ခံရမည်သာဖြစ်သည်။ ကိုယ်စိုက်သည့် အပင် ကိုယ်ပဲ ပြန်ရိတ်သိမ်းရမည်ဖြစ်သည်။



### ဗျာ၊ ဖွား၊ ပွင့်၊ စံ ဤလေးတန် မှတ်ရန်ဗုဒ္ဓနေ့

မြန်မာပြည်သူပြည်သား ဗုဒ္ဓဘာသာဝင်လူအများတို့အနေဖြင့် ကဆုန်လပြည့် ဗုဒ္ဓနေ့အခါသမယကို အထူးအလေးထား အာရုံပြု ပူဇော်စေလိုပါသည်။ ဗုဒ္ဓ နေ့ထူးနေ့မြတ်များအနက် တစ်ခုအပါအဝင်ဖြစ်နေ၍ဖြစ်သည်။ ဤနေ့တွင် ဘုရားအလောင်းတော် သုမေဓာရသေ့သည် ဘုရားစင်စစ်ဧကန်ဖြစ်လိမ့်မည်ဟူ၍ ဒီပင်္ကရာမြတ်စွာဘုရားထံတွင် နိယတ ဗျာဒိတ်တော်ခံယူခဲ့ပြီး ခရစ်တော်မပေါ်မီနှစ်ပေါင်း ၂၆၀၀ ( ဘီစီ–၆၂၃)၊ မဟာသက္ကရာဇ် – ၆၈ ခုနှစ် ဤနေ့ကဆုန်လပြည့် သောကြာနေ့တွင် ဂေါတမဘုရား အလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူခဲ့ပါသည်။ မဟာသက္ကရာဇ်–၁၀၃ ခုနှစ် ( ဘီစီ–၅၈၈) တွင် ဂေါတမဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူ၍ ကဆုန်လပြည့်ဗုဒ္ဓဟူးနေ့ အရုဏ်တက်ချိန်တွင် ဘုရားဖြစ်တော်မူခဲ့သည်။

ဘုရားပွင့်ပြီး နောက်တစ်နှစ်တွင် ဗုဒ္ဓဝင်အကျဉ်းဟောတော်မူခဲ့သည်မှာလည်း ဤကဆုန်လပြည့်နေ့တွင်ဖြစ်သည်။ ဘုရားရှင်ပရိနိဗ္ဗာန် စံဝင်တော်မူသည်မှာလည်း မဟာသက္ကရာဇ်– ၁၄၈ ခုနှစ် (ဘီစီ ၅၄၃) ကဆုန်လပြည့်အင်္ဂါနေ့ ဤနေ့တွင်ပင်ဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင် ဤသို့ ထူးခြားချက်အပေါင်းနှင့် ပြည့်စုံနေ၍လည်း ဗုဒ္ဓဘာသာဝင်အပေါင်းတို့က ဤကဆုန်လပြည့်နေ့ကို ဗျာ၊ ဖွား၊ ပွင့်၊ စံ ဤလေးတန်မှတ်ရန် ဗုဒ္ဓနေ့၊ ဘုရားရှင်နေ့ နေ့ထူးနေ့မြတ်အဖြစ် လေးလေးစားစား ပူဇော်သတ်မှတ်ထားကြခြင်းဖြစ်သည်။

### ဂုဏ်ယူဖွယ်ရာနေ့ အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာနေ့

ဤမျှထူးခြားမြင့်မြတ်လှသော ကဆုန်လပြည့်ဗုဒ္ဓနေ့ကို ၁၉၉၉ ခုနှစ်ကစ၍ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အရ နိုင်ငံတကာ ရုံးပိတ်ရက်တစ်ရက်အဖြစ် သတ်မှတ်ခံရသည်မှာ ဗုဒ္ဓဘာသာဝင်အပေါင်းအတွက် များစွာဂုဏ်ယူစရာလည်း ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ကြာဆုံးသော ကျွန်တော်တို့၏ ဘာသာတရားသည် လူသားတို့အပေါ် ကာယ၊ စိတ္တ နှစ်ဖြာသောသုခကို ပေးစွမ်းနေပြီး ကမ္ဘာ့ငြိမ်းချမ်းသာယာမှုအပေါ် ကောင်းကျိုးသက်ရောက်မှုများရှိနေခြင်းကြောင့် ယခုလို အသိအမှတ်ပြုခံရခြင်းလည်း ဖြစ်သည်။

မြန်မာတို့အတွက်တော့ မြန်မာ့ယဉ်ကျေးမှု၏ ရေသောက်မြစ်သည် ဗုဒ္ဓတရားတော်များမှလာသည်ဟု မှတ်ယူထားပါသည်။ သို့ဖြစ်၍ ထိုသို့မှတ်ယူထားမှုနှင့် ကမ္ဘာက ဤသို့ လေးလေးစားစား အသိအမှတ်ပြုမှုကို နိုင်ငံအတွင်းရှိ ပြည်သူအချင်းချင်း၊ တိုင်းရင်းသားအချင်းချင်းတို့က မေတ္တာ၊ ကရုဏာစသည့် ကောင်းမြတ်သော ဗြဟ္မဝိဟာရတရားများဖြင့် မိသားစုပမာ အပြန်အလှန်လေးစား ကိုယ်ချင်းစာတရားထား၍ ငြိမ်းချမ်းသော နိုင်ငံတစ်ခုဖြစ်အောင် ညီညီညွတ်ညွတ် တည်ဆောက်ကြခြင်းဖြင့် တုံ့ပြန်သင့်ကြပေသည်။

### ညောင်ရေသွန်းလောင်းဆောင်စေကြောင်း အေးချမ်းနိမိတ်ကောင်း

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အနေဖြင့် ကဆုန်လပြည့်နေ့တွင် မြတ်စွာဘုရား အမှီပြုရာဖြစ်သော သဗ္ဗညုတဉာဏ်တော် ရရှိခဲ့ရာနေရာ၊ ဘုရားပွင့်ရာဖြစ်သော ပရိဘောဂစေတီဖြစ်တော်မူရာ ဗောဓိညောင်ပင်ကို ရည်မှန်း၍ ဗောဓိညောင်ပင်ခြေရင်းတွင် ရေသွန်းလောင်းကာ ကုသိုလ်ယူပူဇော်ကြဦးမည်ဖြစ်သည်။ ဘုရားရှင်လက်ထက်ကတည်းက မြတ်နိုးဖွယ်ရာ မြန်မာ့ရိုးရာအစဉ်အလာ ဗုဒ္ဓယဉ်ကျေးမှု ဤဓလေ့သည် ယနေ့ထက်တိုင် ရှင်သန်ထမြောက်ဆဲဖြစ်ပါသည်။

ယခုလိုနွေရာသီကာလတွင် ရေတွင်း၊ ရေကန်၊ ချောင်းမြောင်းများ ပူပြင်းခြောက်သွေ့ပြီး သစ်ပင်များရေရှားပြတ်လပ် ညှိုးရော်ရသကဲ့သို့ ဘုရားပွင့်ရာ ဗောဓိညောင်ပင်လည်း နွမ်းလျမှုမရှိ အစဉ်လန်းဆန်းနေစေရန်အတွက် နှစ်စဉ်ကဆုန်လပြည့်နေ့ရောက်တိုင်း အစဉ်အလာမပျက် ညောင်ရေသွန်းလောင်းကုသိုလ်ယူကြသည်မှာ အေးချမ်းသာယာမှု နိမိတ်ကိုဆောင်ပါသည်။

**ဗောဓိပင်သည် လေးပါးသော သစ္စာတရားတို့ကိန်းဝပ်ရာ ဌာနေဖြစ်သောကြောင့်လည်း အရာအားလုံးသည် ဆင်းရဲခြင်းသဘောတည်း၊ ဆင်းရဲခြင်းအကြောင်းသည် သမုဒယဖြစ်၍ ဆင်းရဲချုပ်ရာ နိရောဓဖြစ်ဖို့ရာ ချုပ်ငြိမ်းခြင်းကျင့်စဉ် မဂ္ဂအကျင့်ကို မှန်မှန်ကန်ကန်ကျင့်ကြဖို့ လမ်းညွှန်သဘောလည်း ပေးနေသည်ကို သံဝေဂယူ ဆင်ခြင်သင့်ပါသည်။ ထိုမှတစ်ဖန် ဖြစ်ပြီးလျှင် ပျက်ရသည့်သဘောနှင့် အဖန်ဖန် ဖြစ်ပျက်ဆင်းရဲသည့်သဘောများကို သတိကပ်၍ ကျင့်ကြံကြပါက ဓမ္မသံဝေဂတရားများ အမှန်ရကြမည်ဟု ယုံကြည်ပါသည်။**

### အမုန်းတရား အမုန်းမထား၊ ပွားပါမေတ္တာတရား

ဤသို့ ဝိသေသထူးများနှင့် ပြည့်စုံနေသော ကဆုန်လပြည့်ဗုဒ္ဓနေ့ဝယ် ဗုဒ္ဓ၏ အနှစ်သာရများကို ရင်ထဲနှလုံးသားထဲ စွဲမြဲမြံ၍ အသိကို သတိဖြင့် လိုက်နာဆောင်ရွက်ကြပါက လောကီနယ်ဝယ် အကျိုးထူးများရနိုင်ပါသည်။ နှစ်တစ်ခု၏ ဦးဆုံးလဖြစ်၍ လောကီအမှုကိစ္စများကို အမြတ်တနိုးပြုလုပ်လေ့ရှိကြသည်မှာလည်း လောကဓမ္မတာတစ်ခုပင်။ သို့သော်ဘာပဲလုပ်လုပ် ငြိမ်းငြိမ်းချမ်းချမ်းဖြင့် အောင်မြင်ပြီးမြောက်သွားဖို့သာ လိုပါသည်။ ဘေးကင်းရန်ကင်းဖြင့် ချမ်းသာသုခဖြစ်ဖို့သာ လိုပါသည်။

**❁ ဗုဒ္ဓနေ့ကို အာရုံယူကာ အောင်အတိတ်၊ အောင်နိမိတ်ယူ၍ မတည်ငြိမ်မှုမှ တည်ငြိမ်မှုသို့၊ မငြိမ်းချမ်းမှုမှ ငြိမ်းချမ်းမှုသို့ ရှေးရှုချင်ပါသည်။ မငြိမ်းချမ်းမှု၏ တရားခံ လောဘ၊ ဒေါသ၊ မောဟတို့ကို အလောဘ၊ အဒေါသ၊ အမောဟတို့ဖြင့် အနိုင်ယူရပါမည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မာစိုရ်တရားများဖြင့် ကိလေသာအညစ်အကြေးများကို ဖယ်ရှားအနိုင်ယူနိုင်ရပါမည်။ အမုန်း၊ အာဃာတ၊ အငြင်းအခုံ ပဋိပက္ခများ ရန်လိုတိုက်ခိုက်မှုများကို ကောင်းမြတ်သောတရားများဖြင့် ဖယ်ရှားနိုင်ရပါမည်**

*စာမျက်နှာ ၁၇ သို့*

# သွန်းညောင်ရေဖျန်း လွှမ်းရပါသည် သည်ရာသီ

❁ တန်ခူးမှာရေကုန်
ကဆုန်မှာ ရေခန်းတော့
ခြောက်ခန်းခဲ့မြိုင်တစ်ခွင်
သို့ပေမဲ့လျှင်၊
ဇောဓိပင်မြတ်တနိုးကိုတော့
ရှိခိုးလို့ ဦးတင်
လောင်းရေစင် ဖျင်ဖျင်များ၊
ဗုဒ္ဓ..ခါတော်နေ့ပေမို့
ပျော်မွေ့စွာ ပင်ညောင်ကွန်းဆီ
မေနဲ့မောင် တူတူယှဉ်လို့ရယ်
သွန်းကြစို့လား။

❁ ပြီးသတဲ့ ဒီရာသီဝယ်
နှိုင်းယှဉ်မီ ဖိုးရွှေလကို
ဝန်းရံခ ဝိသာခါ
ထိုနက္ခတ်ပါ၊
နွေနှောင်းသည်ခါ
ထုံသင်း.. မြေနံ့သာနဲ့
ရွာဆင်းဟန် တစ်ဖန်ဝေ့ပြန်တော့
မေ့မရသည်ချိန်ခါ
လွမ်းပါရ ဖော်နဲ(နည်း)၊
ဖွားပွင့်ဟောစံ
လေးပွင့်ပန် သည်ဇာတ်ကြောင်းကိုတော့
ပြန်ပြောင်းကာ တို့ဦးညွတ်ပါလို့
ဆွတ်ဆွတ်ဖြူ အင်္ကျီ
ပဝါညို ကိုယ်စီပေါ့
လှမ်းတူညီ ညောင်ရေအိုးတွေနဲ့
(အလိုကွယ်...)
သွန်းဖြိုးသည့်ပွဲ။

ဘိုမျိုး(ရွှေဘို)

*စာမျက်နှာ ၁၆ မှ*

အရာအားလုံး ပြည့်စုံပြီးမြောက်ဖို့ရန်မှာ ကုသိုလ်စိတ်ပွားများမှသာ ဖြစ်မြောက်နိုင်ပါမည်။ အကုသိုလ်စိတ်များနေရာတွင် ကုသိုလ်စိတ်များ အစားထိုးနိုင်မှသာ အောင်မြင်နိုင်မည်ဟု ယုံကြည်ပါသည်။ ကိလေသာဖြင့် အိပ်မောကျနေသူ ကို နိုးထရခက်သည်ဖြစ်၍ ဓမ္မဖြင့်အကောင်းဆုံးလှုံ့ဆော်နိုင်မှသာ အဓမ္မများပျောက်ကွယ်သွားမည် ဖြစ်ပါသည်။

ယခုလို ကြီးမြတ်တော်မူသော ဘုရားရှင်အောင်တော်မူရာ အခါသမယကို အခွင့်ကောင်းယူ ၍ ပညာအားကောင်းရန်အတွက် ဉာဏ်မမီလျှင် ဉာဏ်ချင်းဆက်ကြရပါမည်။ ပညာဉာဏ်အားနည်းလျှင် သို့လောသို့လောနှင့် ဝိစိကိစ္ဆာဝင်နေတတ်သည်မို့ ဉာဏ်အားနည်းလျှင် အားကောင်းအောင် နာယူသင်အံ လေ့ကျင့်သင့်ကြရပါမည်။ သင်နေရုံမျှဖြင့်လည်းမပြီး သိထားသမျှကို လေ့ကျင့်ကျင့်ကြံနေရပေမည်။ ပညာနှင့် ကျင့်ကြံမှုသည် အပြန်အလှန်ဆက်စပ်နေသည်။ ပညာနည်းလျှင် အကျင့်သီလ ဆောက်တည်ရာတွင်လည်း အခက်အခဲရှိတတ်သည်။ ထို့ကြောင့် ဘာသာတရားတို့၏ အခြေခံတန်ဖိုးနှင့် သီလ၊ အားထုတ်မှု ဘာဝနာတို့ကို အခြေခံ၍ မတူကွဲပြားမှုများအတွင်း ညီညွတ်စွာ တူယှဉ်တွဲနေထိုင်ခြင်းဖြင့် ပြည်သူပြည်သားအားလုံးအတွက် ခွန်အားတစ်ရပ်ဖြစ်အောင် ကြိုးပမ်းကြရပါမည်။ ကျွန်တော်တို့အားလုံးအနေဖြင့်မူ ဘုရားရှင်၏ ဓမ္မအမွေကိုသာ ကောင်းစွာခံယူလျက်

**"အမုန်းတရား အမုန်းမထားဘဲ အမုန်းကို စွန့်ပယ်၍ မေတ္တာတရားထား၍သာ အောင်နိုင်အောင် ကြိုးစားအားထုတ်ကြရပါလိမ့်မည်"**

# ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့မှ လေဘေးသင့်ပြည်သူများအား ထောက်ပံ့

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့တွင် မေ ၁ ရက်နှင့် ၃ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် နေအိမ်များနှင့် ဘာသာရေးအဆောက်အအုံနှစ်လုံးတို့အတွက် ထောက်ပံ့ငွေ၊ ရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးတို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ပေးအပ်ခဲ့သည်။




နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေ ပေးအပ်စဉ်။

ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ပွဲကို မေလ ပထမပတ်က ပျဉ်းမနားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင် တက်ရောက် အမှာစကား ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လေဘေးသင့်ပြည်သူများအား အိမ်ဆောက်ပစ္စည်းဖိုး နှင့် ဆန်ရိက္ခာဖိုးငွေများ ပေးအပ်ရာ လေဘေးသင့်ပြည်သူများကိုယ်စား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်သန်းက လက်ခံခဲ့ပြီး နေပြည်တော်ကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး မင်းနောင်၊ ဦးမြင့်စိုးတို့က အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုးငွေများကို လေဘေးသင့် ပြည်သူများထံ ထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါ အခမ်းအနားတွင် ပျဉ်းမနားမြို့နယ် အတွင်းရှိ ကျေးရွာအုပ်စု ငါးစုတို့မှ အမိုးလန်နေအိမ် ၃၁ လုံး၊ ပြိုလဲနေအိမ် ၁၆ လုံး၊ စုစုပေါင်း ၄၇ လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၂၈၃၅၀၀၀၊ ဘာသာရေးအဆောက်အအုံ တစ်လုံးအတွက် ငွေကျပ် ၉၀၀၀၀၊ လေဘေးသင့်ပြည်သူ ၂၀၉ ဦးအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၄၃၈၉၀၀၊ စုစုပေါင်း ငွေကျပ် ၃၃၆၃၉၀၀ နှင့် ပြိုလဲနေအိမ် ၁၆ လုံးအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၄၆၃၆၄ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လယ်ဝေးမြို့ လေ့ကျင့်ရေးအားကစားခန်းမသို့ သွားရောက်၍ လယ်ဝေးမြို့နယ်အတွင်းရှိ လေဘေးကြောင့် ပျက်စီးခဲ့သည့် ကျေးရွာအုပ်စု ခုနစ်စုတို့မှ အမိုးလန်နေအိမ် ၄၉ လုံး၊ ပြိုလဲနေအိမ် ၁၃ လုံး စုစုပေါင်း ၆၂ လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၂၈၂၃၅၀၀၊ ဘာသာရေးအဆောက်အအုံ တစ်လုံးအတွက် ငွေကျပ် ၉၀၀၀၀၊ လေဘေးသင့် ပြည်သူ ၂၆၃ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၅၅၆၅၀၀၊ စုစုပေါင်း ငွေကျပ် ၃၄၇၀၀၀၀ နှင့် ပြိုလဲနေအိမ် ၁၂ လုံးအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၄၆၃၆၄ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးတို့ကို ထောက်ပံ့ပေးအပ်ရာ လေဘေးသင့် ပြည်သူများကိုယ်စား လယ်ဝေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆောင်က လက်ခံခဲ့ကြောင်း သိရသည်။ **ဇော်ဖြိုး (ပြန်/ဆက်)**

# သီပေါမြို့၌ ၂၀၂၂ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကျင်းပ

**သီပေါ မေ ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ၂၀၂၂ ခုနှစ် အစိုးရ ပါဠိပထမပြန်စာမေးပွဲကို မြို့နယ်သံဃနာယက ဆရာတော်ကြီးများနှင့် ပထမပြန်ကြီးကြပ်ရေး ဆရာတော်ကြီးများက ဦးစီး၍ မြို့နယ် မဟာသာသနာ့ဗိမာန်တော် ဓမ္မာရုံ၌ မေ ၇ ရက်က စတင်ကျင်းပသည်။

ပါဠိပထမပြန်စာမေးပွဲသို့ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင် စုစုပေါင်း ၂၀၃ ပါး ဝင်ရောက်ဖြေဆိုခဲ့ပြီး ပါဠိပထမပြန်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ သာသနာရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ကွန်ပျူတာစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းဖွင့်

**ထားဝယ် မေ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ်များမှ ဝန်ထမ်းများ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေရန်နှင့် စွမ်းဆောင်ရည် မြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ ကွန်ပျူတာစွမ်းဆောင်ရည်မြှင့်တင်ရေး (ဆော့ဖ်ဝဲ၊ ဟာ့ဒ်ဝဲ၊ နက်ဝပ်ခ်) အသုံးပြုနည်းသင်တန်းဖွင့်ပွဲကို မေ ၁၀ ရက်က ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဦးစောဝင်းက သင်တန်းသား သင်တန်းသူများအနေဖြင့် သင်ခန်းစာများအား ဂရုတစိုက်လေ့လာသင်ယူမှတ်သားကြစေလိုကြောင်းနှင့် သင်တန်းပြီးဆုံးသွားလျှင်လည်း မိမိတို့ ခရိုင်၊ မြို့နယ်ရှိ အခြားဝန်ထမ်းများအား ဆင့်ပွားသင်ကြားပေးစေလိုကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များ၊ သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြား သည်။

အဆိုပါ သင်တန်းသို့ တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနလက်အောက်ရှိ ခရိုင်၊ မြို့နယ်ရုံးများမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်လျက်ရှိပြီး ကွန်ပျူတာ အသုံးပြုနည်း သင်ခန်းစာများကို တစ်လကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုပြည့်(ကျေးလက်)**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမှတ်(၁၂)ရပ်ကွက်နေ ချမ်းသာထွန်း(ခ)ကြယ်စင်သည် ၎င်းအသုံးပြုသည့် “Kyal Zin” Facebook အကောင့်နှင့် ကျောင်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်နေ ဖြိုးဝင်းသန်း(ခ)ပေါက်စကြီးသည် ၎င်းအသုံးပြုသည့် “Phyo Win Than” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

**လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား အရေးယူမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ဥူးကောဝိတ(သေဆုံး)

**❖ ကျောဖုံးမှ**

ကျေးရွာဘုန်းတော်ကြီးကျောင်းမှ ဆရာတော် ဦးသုမန (၄၄နှစ်) ဝါတော် ၁၄ ဝါ (ဘ)ဦးထွန်းလှိုင်အား ဖမ်းဆီးခေါ်ဆောင်သွားကာ “သူလျှို၊ ဒလန်” များဟု စွပ်စွဲပြောဆို၍ ဓား/သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ် ထိုးခုတ်ခဲ့သဖြင့် ဆရာတော် ဦးသုမနပါ လေးဦးတို့မှာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

အလားတူ မေ ၁၁ ရက် နံနက် ၆ နာရီခန့်တွင် ပခုက္ကူမြို့နယ် မြောက်လူးကန်ကျေးရွာရှိ ပစ္စိမာရုံဘုန်းတော်ကြီးကျောင်းသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ ရောက်ရှိလာပြီး ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးနေထိုင်လျက်ရှိသည့် ကျောင်းထိုင်ဆရာတော် ဥူးကောဝိတ (၇၈နှစ်) ဝါတော် ၅၈ ဝါအား ကျောင်းအပြင်ဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး သေနတ်များဖြင့် အကြောင်းမဲ့ ဝိုင်းဝန်းပစ်ခတ် သတ်ဖြတ်ခဲ့သဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များမှ သာသနာ့ဝန်ထမ်း သံဃာတော်များနှင့် အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခဲ့သူ အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ မိုဘိုင်းလ်ဖုန်းများ၊ ရေလုပ်ငန်းသုံးပစ္စည်းများနှင့် ရေနံစိမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၇ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သစ်တောဦးစီးဌာနတို့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မံစီမြို့မှ ဗန်းမော်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်တွင် တရားမဝင်သယ်ဆောင်လာသော ကျွန်းခွဲသားဆိုဒ်စုံ သုည ဒသမ ၉၅၂၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၅၈၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၉ ရက်တွင် ချင်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတူပီမြို့နယ်အတွင်း တရားမဝင် အရက်နှင့်ဘီယာများ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ချင်းဝိသေသတိုင်း အက်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၁၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော အချိုမှုန့်ထုပ်များ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၈၇၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး**(အောက်ပုံ)** အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့နှင့် တော်ဝင်စစ်ဆေးရေးတံတားတာဝန်ကျ အကောက်ခွန်အဖွဲ့တို့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ် ရွှေဝက်ဝံတံတားအနီး၌ တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် ငါးဖမ်းကြိုးခွေများ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၆၇၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်မြို့ မြန်မာ-တရုတ်နယ်စပ် နန်းတော် လူဝင်/လူထွက်စစ်ဆေးရေးဂိတ်မှ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အကောက်ခွန်မဲ့ မိုဘိုင်းလ်ဖုန်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် မေ ၁၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တို့အတွင်း တရားမဝင် ကျွန်းပါကေး (အကြမ်းတုံး) ၂ ဒသမ ၅၄၃၆ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၃၀၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။





အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က တမူးမြို့နယ်အတွင်း တရားမဝင် ကျွန်းခွဲသား ၅ ဒသမ ၆၈၈၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၆၄၆၀ ကို သစ်တောဥပဒေအရ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ကန့်ဘလူမြို့နယ်အတွင်း တရားမဝင်ရေနံစိမ်း ပီပါအလုံး ၁၇၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၆၀၀၀၀ ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၃၀၆၄၆၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၇ ရက်၊ ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၁၃၄၆၀၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၅-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

**၀၆:၀၀** ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၄၀** ဒီမိုကရေစီဆိုရာဝယ်
**၀၉:၃၀** NRC အစီအစဉ် 'အလှဖြာဝေတောင်ဇလပ်မြေ'
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၅** ရွှေပြည်အမရသာပေစွ
**၁၁:၃၀** ရုပ်မြင်သံကြားဇာတ်လမ်း 'အမြင်'
**၁၃:၃၀** MRTV National News
**၁၆:၄၀** မျက်မှောက်ရေးရာအဖြာဖြာ
**၁၇:၁၀** Soccer View
**၁၇:၃၀** လူမှုစီးပွားမြင်ကွင်းများ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** Road to 31st SEA Games Vietnam (Highlights)
**၁၈:၄၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်းများ
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်' (အပိုင်း-၂၄)
**၂၂:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း 'အရှုံးအနိုင်'

**mitv**

**07:02** Evergreen Classic: Myitta Phyan Mha Lenn Senn Mal (Thida Theint)
**07:09** Let's Taste Delicious Insects: Red Ant Spaghetti & Crickets, Soy Chips & Fragrant Root Curry
**07:35** Shwe U Min Natural Cave In Kalaw
**07:51** Licuala Palm Leaf
**08:01** Discovering Tribes: Wa - Their Life and Customs
**08:36** Insight Myanmar: Manuscription (Epi-2) Forgotten Illustrated Manuscripts
**09:01** News
**09:28** Patchwork Bags
**09:40** A Visit to Inn Ne Village
**10:01** Golden Mandalay Hill
**10:05** Mote Khwe Late from Intaing Village

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ဆီးချိုသွေးချိုရောဂါအကြောင်းသိကောင်းစရာ
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ကရင်စကားပြောကြရအောင်(အပိုင်း-၄)
**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)** တတ်တော်ချိုင့် ရေတံခွန်သို့အလည်တစ်ခေါက်
**ချင်း (ဆီး) (၀၉:၀၀ မှ ၁၀:၀၀)** ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၅)
**မွန် (၁၀:၀၀ မှ ၁၂:၀၀)** ထန်းပင်ပေါ်ကတို့ဖေဖေ
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** လခြမ်းမြေမှ ရိုးရာအလှ(အပိုင်း-၂)
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** ကလေးငယ်များကိုပြည့်စွက်စာကျွေးခြင်း
**ဝ (၁၆:၀၀ မှ ၁၈:၀၀)** ကဏန်းချဉ်စပ်ပြုလုပ်နည်း
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)** ပူတာအိုသို့အလည်တစ်ခေါက်(အပိုင်း-၂)
**ကယား (၂၀:၀၀ မှ ၂၂:၀၀)** သဘာဝအလှတရားရှိရာ ထီးစဲခါးရေတံခွန်သို့
**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)** ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** အပြည်ပြည်ဆိုင်ရာ သုနာပြုနေ့
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၂၀** သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တာဝန်နှင့်လူ'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** လုပကျန်းမာသောသီးနှံများနှင့်မြို့ထိလာ
**၀၆:၄၅** သီးနှံအထွက်နှုန်းတိုးရေး မျိုးကောင်းမျိုးသန့်သုံးစွဲပေး
**၀၈:၁၅** ပျဉ်မနားမြို့နယ်တွင်းဆီကကရင်၊ ပအိုဝ်းသွေးချင်းတို့ရဲ့ကော်ပီစိုက်ပျိုးရာမြေ
**၀၈:၅၀** စပ်မျိုးစပါးနှင့်တို့တောင်သူ
**၀၉:၂၀** စလင်းမြို့မှအာလူးခင်း

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို ဝနေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal


# ၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲအတွက် ဖိတ်ခေါ်ခြင်းအား ရက်တိုးမြှင့်သတ်မှတ်ခြင်း

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၂၂ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို "တစ်ခုတည်းသော ကမ္ဘာမြေ (Only One Earth)" ဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ ယခုနှစ် ဆောင်ပုဒ်၏ တိုက်တွန်းနှိုးဆော်ချက်များကို ပြည်သူများ သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရန် ကြော်ငြာထားပြီးဖြစ်၍ "တစ်ခုတည်းသော ကမ္ဘာမြေ (Only One Earth)" ခေါင်းစဉ်ဖြင့် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲများကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ၁၂.၅.၂၀၂၂ ရက်နေ့အထိ နောက်ဆုံးထား၍ စာမူများ ပေးပို့ရန်ဖြစ်သော်လည်း ထပ်မံရက် တိုးမြှင့်သတ်မှတ်လိုပါသဖြင့် ၁၉.၅.၂၀၂၂ ရက်နေ့နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Website(www.ecd.gov.mm) နှင့် Facebook Page (Environmental Conservation Department-ECD) တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးအပ်ပါသည်။ ဆုရရှိသူများကို ၂၀၂၂ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုချီးမြှင့်သွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများ အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေး

**နေပြည်တော် မေ ၁၁**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် မေ ၁၁ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ Latex Foley Catheter အခု ၄၆၀၀၀၊ Infusion Set အခု ၂၀၀၀၀၀၊ Aerosol Mask အခု ၆၈၀၀၀၀ နှင့် ဆေးဝါးမျိုးစုံ ၄၀၊ စုစုပေါင်း ၄၂၁၇၇ ဒသမ ၄၈ Kg၊ နယ်စပ် (ချင်းရွှေဟော်) တွင် ကုမ္ပဏီ တစ်ခုမှ Ciprpfloxacin Lacate Injection အခု ၄၃၃၈၀၊ Mannitol Injection အခု ၁၅၀၀၀၊ Sai Oral Rehydration Salt Powder ၅၂၈ ခုတို့ ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၅ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၅၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၈၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၅၉၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၈၅၀၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၁၅/၂၃၇၀ ကျပ် | ၂၂၆၀/၂၃၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၄၅/၂၃၀၀ ကျပ် | ၂၂၉၀/၂၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၀၅/၂၀၁၅ ကျပ် | ၂၀၅၅/၂၂၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၆၀/၂၀၆၅ ကျပ် | ၂၁၁၀/၂၃၈၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၅၃ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၅ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၄၁၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၂၆ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၂ . ၇၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၅ . ၂၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၉၅၄ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၇၀၀ | ၇၇၀၀ | ၆၄၁ | ၄၉၃၅၇၀၀ |
| MTSH | ၂၆၅၀ | ၂၆၅၀ | ၃၁၃ | ၈၂၉၄၅၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၀ | ၇၈၀၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၁ | ၂၅၅၀ |
| EFR | ၂၁၅၀ | ၂၆၀၀ | ၂၁၃ | ၄၆၃၈၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၂၅၂ | ၁၂၅၀၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm



## MyTelenor App တွင် ယောဂနှင့် ကျန်းမာရေးဆိုင်ရာအစီအစဉ်များ မိတ်ဆက်

**ရန်ကုန် မေ ၁၁**

တယ်လီနောမြန်မာ၏ My Telenor အက်ပလီကေးရှင်းမှ ကျန်းမာရေး ပိုမိုကောင်းမွန်သော လူနေမှုပုံစံကိုမြှင့်တင်ပေးရန် ရည်ရွယ်သည့် အစီအစဉ်တစ်ခုဖြစ်သော Wellness ကဏ္ဍတွင် ယောဂနည်းပြဖြစ်သူ 'Yoga with Mone' နှင့်အတူ ယောဂလေ့ကျင့်နိုင်မည့် အစီအစဉ်သစ်ကို မေ ၄ ရက်မှစ၍ အခမဲ့ ထည့်သွင်းပေးထားပြီဖြစ်ကြောင်း သိရသည်။

တယ်လီနောအသုံးပြုသူများ ကိုယ် စိတ် ကျန်းမာရွှင်လန်းစေရန် ရည်ရွယ်လျက် ယခုမိတ်ဆက်လိုက်သော ယောဂအစီအစဉ်သစ်တွင် အမျိုးသား၊ အမျိုးသမီး အားလုံးအတွက် သင့်လျော်သည့် ယောဂဗီဒီယို များကို တင်ပေးသွားမည်ဖြစ်ပြီး အစီအစဉ်များအတွက် အခကြေးငွေ ထပ်မံပေးဆောင်ရန်မလိုဘဲ ဒေတာအသုံးပြုခသာ ကျသင့်မည်ဖြစ်ကြောင်း၊ သုံးစွဲသူများအနေဖြင့် ယောဂအစီအစဉ်တွင် ပါဝင်လေ့ကျင့်ရန် အတွက် အင်တာနက်ချိတ်ဆက်၍ My Telenor အက်ပလီကေးရှင်းမှ Wellness စာမျက်နှာကို ဝင်ရောက်အသုံးပြုရမည်ဖြစ်ကြောင်း သိရ သည်။

My Telenor အက်ပလီကေးရှင်းတွင် ယောဂအစီအစဉ်နှင့်အတူ အစီအစဉ်သစ်များအဖြစ် Wellness ကဏ္ဍအောက်တွင် Health Digest အစီအစဉ်သစ်ကိုလည်း စတင်မိတ်ဆက်ထားပြီး ထိုဝန်ဆောင်မှုမှာ စိတ်ပျော်ရွှင်စွာနေထိုင်နိုင်ရန် လိုအပ်သော အရည်အသွေးမီ စိတ်ကျန်းမာရေးစောင့်ရှောက်မှုနှင့် ခေတ်မီသော စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့များကိုပေးအပ်မည့် အစီအစဉ်ဖြစ်ကြောင်း၊ လူမှုပေါင်းသင်းဆက်ဆံရေးနှင့်ဆက်နွှယ်သော စိုးရိမ်ကြောင့်ကြမှုနှင့် စိတ်ဖိစီးမှု၊ စိတ်ဒဏ်ရာနှင့်ပတ်သက်သော အကြောင်းအရာ၊ ဆောင်းပါးများကို အဓိကထား တင်ပြပေးမည်ဖြစ်ကြောင်း သိရသည်။

တယ်လီနောသုံးစွဲသူများသည် ထိုဝန်ဆောင်မှုများကို ရယူနိုင်ရန် My Telenor အက်ပလီကေးရှင်းကို နောက်ဆုံးဗားရှင်း မြှင့်တင်ထားရန် လိုအပ်မည်ဖြစ်ပြီး နောက်ဆုံးဗားရှင်းကို Apple App Store နှင့် Google Play တွင် ရယူနိုင်သလို နံပါတ် 500 သို့ "APP" ဟု စာတိုပေးပို့၍လည်းကောင်း၊ နံပါတ် *979*5*5# သို့ ဖုန်းခေါ်ဆို၍လည်းကောင်း ဒေါင်းလုပ်လင့်ခ်ကို တောင်းခံနိုင်ကြောင်း တယ်လီနောမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**ကိုစိုး**

## TikTok သုံးသူများ၏ ဘေးကင်းလုံခြုံမှုကိုမြှင့်တင်ရန် နည်းလမ်းသစ်များ လုပ်ဆောင်ထား

**ရန်ကုန် မေ ၁၁**

TikTok တွင် အသုံးပြုသူများ၏ ဘေးကင်းလုံခြုံမှုကို ပို၍ မြှင့်တင်ပေးနိုင်ရန်အတွက် နည်းလမ်းသစ်များကို လုပ်ဆောင်ထားကြောင်း TikTok မှ ဧပြီလကုန်ပိုင်းက ထုတ်ပြန်ချက်အရ သိရသည်။

မှတ်ချက်များ(comments)တွင် စစ်မှန်သော ပါဝင်ပတ်သက်မှုများကို တိုးမြှင့်လုပ်ဆောင်ခြင်းအဖြစ် အနိုင်ကျင့်ခြင်းနှင့် အမုန်းတရားပါဝင်သည့် အကြောင်းအရာများ သို့မဟုတ် အပြုအမူများကို ကြိုတင်ဖယ်ရှားခြင်းများ ပြုလုပ်သည့်အပြင် မှတ်ချက်များအပေါ် ထိန်းချုပ်နိုင်မှုပိုမိုရရှိစေမည့် နည်းလမ်းသစ်များကိုလည်း ဆက်လက်ရှာဖွေလျက်ရှိကြောင်း၊ အသုံးပြုသူ တစ်ဦးတစ်ယောက်ချင်းအနေဖြင့် မသင့်လျော်ဟုယူဆသော မှတ်ချက်များကို ခွဲခြားသိမြင်စေနိုင်မည့် နည်းလမ်းကိုလည်း စတင် စမ်းသပ်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

TikTok တွင် ဗီဒီယိုများဖန်တီးသူ(Creators)များအတွက် လုံခြုံရေးသတိပေးချက်အသစ်များကိုလည်း ပြုလုပ်ထားပြီး ဗီဒီယိုများတွင် ရရှိထားသည့် မှတ်ချက်များတွင် TikTok က စိစစ်တွေ့ရှိမှုအပေါ် အခြေခံ၍ အပျက်သဘောဆောင်သောမှတ်ချက် အများအပြားရရှိနေသည့် ဗီဒီယိုများ၏ ဖန်တီးသူများအား ၎င်းသတိပေးချက်များကို ပြသကာ လူမှုအသိုင်းအဝိုင်း လမ်းညွှန်ချက်များကို ချိုးဖောက်သော မှတ်ချက်များကို TikTok က ဖယ်ရှားသွားမည်ဖြစ်ကြောင်း သိရသည်။

TikTok အနေဖြင့် လူမှုအသိုင်းအဝိုင်း လမ်းညွှန်ချက်များကို ချိုးဖောက်သည့် အကြောင်းအရာများကို ဖယ်ရှားလျက်ရှိရာ ၂၀၂၁ ခုနှစ်အတွင်းကလည်း နှောင့်ယှက်ခြင်းနှင့် အနိုင်ကျင့်ခြင်းဆိုင်ရာ အကြောင်းအရာများကို ဖယ်ရှားမှုနှုန်း ၁၄ ဒသမ ၇ ရာခိုင်နှုန်း၊ အမုန်းတရားပါဝင်သောအပြုအမူများကို ဖယ်ရှားမှုနှုန်း ၁၀ ဒသမ ၉ ရာခိုင်နှုန်း၊ အကြမ်းဖက်အစွန်းရောက်ဝါဒများကို ဖယ်ရှားမှုနှုန်း ၁၆ ဒသမ ၂ ရာခိုင်နှုန်း၊ မိမိကိုယ်ကို သေကြောင်းကြံစည်မှု၊ ထိခိုက်နာကျင်စေမှုနှင့် အန္တရာယ်ရှိသောလုပ်ရပ်များကို ဖယ်ရှားမှုနှုန်း ၇ ဒသမ ၇ ရာခိုင်နှုန်း ရှိခဲ့ကြောင်း သိရသည်။

**ကိုစိုး**

**Application Guide**

## သီချင်းစာသားတွေကို ဒေါင်းလုပ်ရယူနိုင်မယ့် Lyrix အက်ပလီကေးရှင်း

Lyrix အက်ပလီကေးရှင်းဟာ ဖုန်းထဲမှာရှိတဲ့ သီချင်းတွေအတွက် သီချင်းစာသားတွေကို အလွယ်တကူ ရှာဖွေ၊ ဒေါင်းလုပ်ဆွဲနိုင်တဲ့ အက်ပလီကေးရှင်းဖြစ်ပြီး ကမ္ဘာတစ်ဝန်းက သုံးသူတွေကို လူစုလူဝေးရင်းမြစ် (crowd-sourced)အနေနဲ့ ထားရှိတဲ့ ပလက်ဖောင်းဖြစ်တဲ့အတွက် သီချင်းအသစ်တွေရဲ့ စာသားတွေကို အမြန်ဆုံး အပ်ဒိတ်ရနိုင်တဲ့ အက်ပလီကေးရှင်းလည်း ဖြစ်ပါတယ်။

အက်ပလီကေးရှင်းမှာ သီချင်းစာသားကို ရှာဖို့အတွက် သီချင်းနာမည်၊ သီဆိုသူနာမည်၊ အယ်လ်ဘမ်နာမည်၊ ဒါမှမဟုတ် သီချင်းစာသား တစ်ပိုင်းတစ်စကို ရိုက်ထည့်တာနဲ့ သီချင်းစာသားဖိုင်ကို အသင့်ဒေါင်းလုပ်ဆွဲနိုင်တဲ့ ရလဒ်တွေကို ဖော်ပြပေးမှာဖြစ်ပါတယ်။ အွန်လိုင်းကနေ သီချင်းတစ်ပုဒ်ကိုနားထောင်ရင်း စာသားကို သိချင်လာရင်လည်း အက်ပလီကေးရှင်းကို ဖွင့်ပြီး ဘာစာမှရိုက်စရာမလိုဘဲ ကြားနေရတဲ့ သီချင်းသံအတိုင်း ရှာဖွေနိုင်ပါတယ်။ တစ်ကြိမ် ဒေါင်းလုပ်ဆွဲပြီးတာနဲ့ အော့ဖ်လိုင်းသုံးနိုင်ပါတယ်။ နိုင်ငံတကာက သီချင်းစာသားတွေကို ရနိုင်ပေမယ့် မြန်မာသီချင်းစာသားတွေကို မရနိုင်သေးတာကတော့ အားနည်းချက်ဖြစ်ပါတယ်။ Crowdsourced ဖြစ်လို့ အသုံးပြုသူကိုယ်တိုင်လည်း သီချင်းစာသားအသစ်တွေကို တင်ပေးနိုင်ပြီး မြန်မာသီချင်းစာသားတင်ပေးသူတွေ များလာရင်တော့ မြန်မာသီချင်းစာသားတွေကိုပါ ရလာနိုင်မှာဖြစ်ပါတယ်။

ဒီအက်ပလီကေးရှင်းကို ပလေးစတိုးမှာ Lyrix – Tired Cruncher လို့ ရိုက်ရှာနိုင်ပြီး ဖိုင်အရွယ်အစားက 9MB လောက်ပဲရှိပါတယ်။ အန်းဒရွိုက်ဗားရှင်း 4.1 အထက် ဖုန်းအားလုံးမှာ အသုံးပြုနိုင်ပါတယ်။

**ကျော်ဇင်ဦး**

## ပါဝါဘန့်များကို ရေရှည်အသုံးပြုနိုင်ရန် သတိပြုသင့်သည့်အချက်များ

**ပြီးခဲ့တဲ့တစ်ပတ်မှာ ပါဝါဘန့်ဝယ်မယ်ဆိုရင် သတိပြုသင့်တဲ့အချက်တွေကို ဖော်ပြခဲ့ပါတယ်။ ပါဝါဘန့်တွေမှာ အဓိကအစိတ်အပိုင်းအဖြစ် ဘက်ထရီနဲ့ ဆားကစ် နှစ်မျိုးတည်းသာ ပါဝင်ပေမယ့် ဘက်ထရီဟာ ပျက်ဖို့အလွန်လွယ်တာကြောင့် ဒီတစ်ပတ်မှာတော့ ပါဝါဘန့်တစ်လုံးကို သက်တမ်းကြာကြာ အသုံးပြုနိုင်ဖို့ သတိပြုသင့်တဲ့အချက်တွေ၊ မလုပ်သင့်တဲ့အချက်တွေကို ဆက်ပြီးဖော်ပြလိုက်ပါတယ်။**

### ပါဝါဘန့်ကို အားသွင်းနေစဉ် ဖုန်းအားသွင်းခြင်း

ပါဝါဘန့်ကို အားသွင်းထားတဲ့အချိန်မှာ ပါဝါဘန့်ကနေ ဖုန်းကို ထပ်အားသွင်းတာမျိုး မလုပ်သင့်ပါဘူး။ ပါဝါဘန့်ဟာ အဓိကအလုပ်နှစ်ခုဖြစ်တဲ့ အားသွင်းတာရော၊ အားပြန်ထုတ်ပေးတာရော နှစ်ခုလုံးကို တစ်ပြိုင်တည်းလုပ်နေရတဲ့အခါ ဘက်ထရီကို ဆိုးဆိုးရွားရွား ထိခိုက်စေပြီး သက်တမ်းတိုစေပါတယ်။ ချက်ချင်းမပျက်ရင်တောင်မှ ပါဝါဘန့်ဟာ သိသိသာသာ ပူလာတာကို ခံစားရမှာဖြစ်ပြီး ဘက်ထရီကို အလွယ်တကူ ပျက်စီးစေနိုင်ပါတယ်။ အခန့်မသင့်ရင် ဘက်ထရီပေါက်ကွဲတဲ့အထိ ဖြစ်စေနိုင်သလို ဘက်ထရီတင်မကဘဲ ဆားကစ်ကိုလည်း အပူလွန်ပြီး ပျက်စီးစေနိုင်ပါတယ်။



### အားသွင်းချိန်လွန်ခြင်း

ပါဝါဘန့်ကို ဘက်ထရီအားပြည့်တာထက် အချိန်အကြာကြီး ကျော်လွန်ပြီး အားသွင်းထားတာကလည်း ဘက်ထရီကို သက်တမ်းတိုစေနိုင်ပါတယ်။ ညအိပ်ချိန်မှာ တစ်ညလုံး အားသွင်းထားတာမျိုးဟာ ပါဝါဘန့်သုံးစွဲနေသူ အတော်များများ လုပ်လေ့ရှိတဲ့ အမှားတစ်ခုဖြစ်ပါတယ်။ ပါဝါဘန့်ကို အားသွင်းထားခဲ့ပြီး အပြင်ကို အကြာကြီးထွက်သွားတာမျိုးလည်း မလုပ်သင့်ပါဘူး။

### မီးမငြိမ်ချိန်မှာ အားသွင်းခြင်း

မီးအားမငြိမ်တဲ့အချိန်နဲ့ မီးလာလိုက် ပျက်လိုက် အချိန်တွေမှာ အားသွင်းထားတာကလည်း ဘက်ထရီကို ထိခိုက်စေပါတယ်။ အထူးသဖြင့် မီးလာပြီး မီးအားမငြိမ်ဘဲ တက်လိုက်ကျလိုက် ဖြစ်နေချိန်မှာ အားသွင်းတာက ဘက်ထရီကိုရော ဆားကစ်ကိုပါ ထိခိုက်ပျက်စီးစေနိုင်ပါတယ်။ လျှပ်စစ်မီးမဟုတ်ဘဲ မီးစက်နဲ့ အင်ဗာတာတွေကနေတစ်ဆင့် အားသွင်းတဲ့အခါမှာလည်း လျှပ်စစ်ဓာတ်အားဟာ မတည်မငြိမ်ဖြစ်တတ်လို့ မီးစက်နဲ့ အင်ဗာတာမီးတွေကနေ အားသွင်းတာကိုလည်း တတ်နိုင်သလောက် ရှောင်သင့်ပါတယ်။ လျှပ်စစ်မီးလာပြီး မီးအားလည်း တည်ငြိမ်နေတဲ့အချိန်မှာ အားသွင်းတာက အကောင်းဆုံးဖြစ်ပါတယ်။

### ရေစိုခြင်း

ပါဝါဘန့်ဟာ အခြား လျှပ်စစ်ပစ္စည်းတွေလိုပဲ ရေစိုဒဏ်ကို မခံနိုင်ပါဘူး။ ပါဝါဘန့်ဟာ တိုက်ရိုက်ရေစိုတာကိုရော၊ စိုထိုင်းတဲ့နေရာတွေမှာထားလို့ ရေငွေ့ပျံ့ပြီး ရေငွေ့ဝင်တာကိုရော မခံနိုင်ပါဘူး။ ရေဝင်တဲ့ ပမာဏအပေါ် မူတည်ပြီး အနေးနဲ့အမြန် ပျက်စီးမှာဖြစ်ပါတယ်။ မတော်တဆ ရေအနည်းငယ်စိုသွားရင်လည်း ချက်ချင်းပြန်မသုံးဘဲ အဖုံးဖွင့်၊ Dryer မှုတ်ပြီး သေချာအခြောက်ခံပြီးမှ ပြန်သုံးသင့်ပါတယ်။



ကိုယ်ထည်မှာ သတ္တုအစိတ်အပိုင်းပါဝင်တဲ့ ပါဝါဘန့်တွေဆိုရင် ရေစိုနေတဲ့လက်နဲ့ကိုင်ပြီး အားသွင်းတဲ့အခါ မတော်တဆ ဓာတ်လိုက်နိုင်တာကိုလည်း သတိထားရမှာဖြစ်ပါတယ်။

### အပူလွန်ခြင်း

အပူလွန်ခြင်းကလည်း ပါဝါဘန့်တွေထဲက ဘက်ထရီကို ထိခိုက်ပျက်စီးစေနိုင်ပါတယ်။ သာမန် အခန်းအပူချိန်က ပြဿနာမရှိပေမယ့် တိုက်ရိုက်နေရောင်ကျတဲ့ နေရာမျိုးတွေ၊ အလုံပိတ်ထားတဲ့ ကားရဲ့ ဒက်ရှ်ဘုတ်ပေါ်မှာ ပါဝါဘန့်ကို တင်ခဲ့တာမျိုးတွေက ဘက်ထရီကို အပူလွန်စေပါတယ်။ ပါဝါဘန့်ကို အားသွင်းထားချိန်မှာ နေရာကလည်း အပူလွန်တဲ့နေရာမှာ ရှိနေတယ်ဆိုရင် ပေါက်ကွဲတဲ့အထိ ဖြစ်စေနိုင်ပါတယ်။

### လွတ်ကျခြင်း

ဒီတစ်ချက်ကတော့ ရှင်းပါတယ်။ ပါဝါဘန့်ထဲမှာ နုနယ်တဲ့ ဆားကစ်တွေကို ဘက်ထရီနဲ့ ဆက်ထားတာကြောင့် လွတ်ကျတဲ့အခါ ဆားကစ်တွေ အလွယ်တကူ ပျက်စီးနိုင်သလို ပြင်ပကိုယ်ထည်ကွဲတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ ပါဝါဘန့်ကို သွားလေရာ ယူသုံးတတ်သူတွေဆိုရင် ရော်ဘာအုပ်ထားတဲ့ကိုယ်ထည်မျိုးနဲ့ ပါဝါဘန့်ကို ရွေးသုံးတာက လက်ထဲကချော်ကျတာကို ကာကွယ်နိုင်သလို ပြုတ်ကျရင်လည်း ထိခိုက်မှုကို လျော့နည်းစေပါတယ်။

**ကိုစိုး**

**ကိုးကား – powerbank.guru**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃-သမိုင်း)၊ လူနေရပ်ကွက်အမှတ်(-)၊ မောရဝတီလမ်း၊ မြေကွက်အမှတ်(၁၂ ၄ + ၁၂/ဆ ၁-B)၊ခြံအမှတ်(133-F/1)၊ အကျယ်အဝန်း(၀.၀၈၂)ဧကရှိ ဒေါ်နွဲ့နွဲ့အေး(၁၂/လမန(နိုင်)၁၃၃၅၁၃)အမည်ပေါက် မြေပိုင်မြေ လ/န ၃၉ ရပြီးမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်နွဲ့နွဲ့အေး (၁၂/လမန (နိုင်) ၁၃၃၅၁၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)
၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆


# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ်၊ လူရွှင်တော်အသင်းနှင့် ကိုလူချောအဖွဲ့တို့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် မေ ၁၁**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၆၅) ကို မေ ၁၃ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ စိုးသီဟနှင့် ဂျေနော့တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို မေ ၁၃ ရက်၊ ၁၄ ရက်နှင့် မေ ၁၅ ရက်နေ့တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD မှ ညနေ ၆ နာရီသတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




# "စေလိုရာစေ" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မေ ၁၁**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ "စေလိုရာစေ"တေးဂီတဖျော်ဖြေပွဲကို မေ ၁၃ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို **စန္ဒရားကွန်းဇော် တေးဂီတအဖွဲ့**၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် တက္ကသိုလ်လွဲ့လွဲ့၊ နေဇင်အောင်၊ အိအိချွန်၊ ဘုန်းသစ်၊ ဂျင်းနီ၊ ဈာန်ထူး၊ ဝင်းလဲ့ချယ်ရီ၊ အိဟေမာန်၊ စိမ်းမို့မို့ နှင့် ဆူးနှင်းဆီတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို မေ ၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**


**အမည်ပြောင်း**

ပြည်မြို့၊ နဝင်းရပ်ကွက်နေ ဦးအောင်မျိုးခိုင် ၈/ဆပပ(နိုင်) ၀၅၁၄၀၃ ၏သမီး မသွန်းဝတ်ရည်အား မမေသွန်းဝတ်ရည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မမေသွန်းဝတ်ရည်**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ်2J/7413 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 7D/8036 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ်(၂၅၆)၊ သရဖီ(၃)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ဟုခေါ်တွင်သော အကျယ်အဝန်းဧရိယာ(၀ဒသမ၅၇)ဧက၊ ပေ(၄၁x၆၁)ရှိ ဒေါ်လှလှဝင်း ၁၂/ရကန(နိုင်)၀၂၈၁၃၅ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေအမျိုးအစားမြေနှင့် မြေပေါ်ရှိ တစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယင်းအမည်ပေါက်ပိုင်ရှင်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဘိုဘိုအောင်**
**အထက်တန်းရှေ့နေ (စဉ်-၃၃၀၄၂)**
**ကျိုက္ခနာကျေးရွာ၊ အစုကြီးကျေးရွာအုပ်စု၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၁၀၄၁၉၃၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြိတ်လမ်း၊ အင်းဝအိမ်ရာ၊ တိုက်အမှတ်(၄၁)၊ အခန်းအမှတ်(၂၀၁)၊ ဒုတိယထပ်၊ အကျယ်အဝန်း (၇၄၀)စတုရန်းပေရှိတိုက်ခန်းနှင့် စွဲမြဲတပ်ဆင်ထားသောပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းကမ်းလှမ်းလာသူ ဒေါ်ကျိန်ပီး (၄/တတန(နိုင်)၀၆၃၈၈၃) ထံမှကျွန်ုပ်၏ မိတ်ဆွေဖြစ်သူကဝယ်ယူရန် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်စအေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)**
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၉၅၆ ၈၃၃၇၈

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ တေးနုယဉ်လမ်း၊ အမှတ်(၂၀၆)နေ ဦးခင်မောင်ထွေး ၉/မနမ(နိုင်)၀၃၁၉၆၄ နှင့် ဒေါ်ခင်စုစုလှိုင် ၁၂/ကမရ(နိုင်)၀၄၈၆၁၀ တို့၏သမီး မယွန်းနန္ဒီမေမောင် (ခ) မေသက်မှူးပိုင်သည် မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးခင်မောင်ထွေး ၉/မနမ(နိုင်)၀၃၁၉၆၄**
**ဒေါ်ခင်စုစုလှိုင် ၁၂/ကမရ(နိုင်) ၀၄၈၆၁၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက် အမှတ် (၁ကွက်/ကျောင်းအရှေ့ရပ်)၊ ဦးပိုင်အမှတ်(၉၆)၊ မြေယာအမှတ်(261/427)၊ မြေဧ ရိယာ(၀.၀၄၃)ဧကရှိ မြေကွက်အား ဂရန်သက်တမ်းတိုး လျှောက်ထားနိုင်ရေး (၁) ဒေါ်အမာတင် ၉/မမန(နိုင်) ၀၂၆၂၂၁၊ (၂)ဦးမောင်မောင် ၉/မမန(နိုင်)၀၃၄၉၃၀၊ (၃)ဒေါ်ချိုပြုံး ၉/မမန(နိုင်)၀၂၇၈၈၂ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံးသို့ ကြော်ငြာပါပြီးရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**


**စာပေမြင့်မှ လူမျိုးတင့်မည်**


**မွေးသက္ကရာဇ်အမှန်**

ရမည်းသင်းမြို့နယ်၊ ထိန်ကန်ကျေးရွာနေ ဦးထွန်းကြည်၏သမီး မဝေဝေမွန် ၉/ရမသ(နိုင်)၁၇၁၈၀၂၏ မွေးသက္ကရာဇ်အမှန်မှာ(၁၁-၁-၁၉၉၈)ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)**
**ကျိုင်းတုံခရိုင်တရားရုံးတော်၌**
**၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၆**

ဒေါ်ခင်တာ နှင့် ၁။ ဒေါ်အားကြူး
၂။ ဦးအားကျော်(ခ)ဦးထူကျော်
၃။ ဒေါ်အားတေ့(ခ)ထရေးဇီးနာ
၄။ ဦးအားဂျေ(ခ)ဦးထူဂျေ

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ကျော်သူလမ်း၊ (၉)ရပ်ကွက်၊ အမှတ် (၈၀၇) (၃)တရားပြိုင် ဒေါ်အားတေ့(ခ)ထရေးဇီးနာ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ကျိုင်းတုံမြို့၊ မိုင်းဇင်းအုပ်စု၊ ဝမ်ပေါင်ရွာနေ ဒေါ်ခင်တာ(ခ)ဒေါ်အားဒေါ့က အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် မေ ၆ရက် (၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၂ ခုနှစ် မေ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စခိုင်ကျော်ဌေး)**
**ဒုတိယခရိုင်တရားသူကြီး**
**ကျိုင်းတုံခရိုင်တရားရုံး**

**အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်**

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ခရမ်းပြင်ကျေးရွာအုပ်စု၊ လဟာကြီးကျေးရွာနေ (ဘ) ဦးမောင်ရွှေသန်း ၁၁/မပတ(နိုင်) ၀၄၅၄၄၁ ၏သမီး မအေးအေးဇင်၏ အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်မှာ မအေးအေးစံ ၅-၁၁-၂၀၀၂၊ ၁၁/မပတ(နိုင်)၀၉၁၇၀၃ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ပုသိမ်မြို့၊ အမက(၉) Grade (1)မှ ဦးထွန်းထွန်းလင်း - ဒေါ်လင်းလင်းထွန်းတို့၏ သားဖြစ်သူ မောင်ကံထူး ၁၀-၃-၂၀၁၄ အား ယနေ့မှစ၍ မောင်ဟိန်းထိုက်ဇံဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဟိန်းထိုက်ဇံ**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 16W/66136, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်သူ ၁၄/ပသန(နိုင်)၁၅၅၀၉၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 5K/2734, Toyota Probox NCP50 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးရင်ကြည် ၃/ကကရ(နိုင်)၀၀၆၉၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ကျောက်ဖြူမြို့နယ်တရားရုံးတော်**
**၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ် ၄**

ဒေါ်ပုမချေ နှင့် ဦးကျော်ဌေး
**တရားလို** **တရားပြိုင်**

ကျောက်ဖြူမြို့၊ စေတီတောင်ရပ်ကွက်၊ ပြည်အောင်နိုင်လမ်း၊ အိမ်အမှတ်(၆၇၄)နေ တရားပြိုင် ဦးကျော်ဌေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ပုမချေက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ်၊ မေ ၃၁ ရက် (၁၃၈၄ခုနှစ် နယုန်လဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း အထောက်အထားများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် မေ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ပြေီကျော်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ကျောက်ဖြူမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ မေတ္တာလမ်း၊ တိုက်အမှတ်(၁၀၀၂)၊မြေညီထပ်(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၉ပေ× ၅၄ပေ)ရှိ တိုက်ခန်းနှင့် စွဲမြဲတပ်ဆင်ထားသောပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းကမ်းလှမ်းလာသူ ဦးဇော်ဝမ်း (TKA-094697) ထံမှကျွန်ုပ်၏ မိတ်ဆွေဖြစ်သူကဝယ်ယူရန် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်စအေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)**
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၉၅၆ ၈၃၃၇၈


# "ငွေတိမ်ယံအငြိမ့်" ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မေ ၁၁**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ "ငွေတိမ်ယံအငြိမ့်" ဖျော်ဖြေပွဲကို မေ ၁၄ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို လုံမေပျိုက စီစဉ်ပြီး မြန်မာ့အသံဆိုင်းဝိုင်းကြီးအဖွဲ့၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး ဇင်ယော်မေ၊ ရှေ့ထွက်မင်းသမီး မေဇူလိုင်ဦး၊ လူရွှင်တော်များဖြစ်ကြသည့် ပေါ်ဦး၊ မိုးပွင့်၊ ပေါ်လာနှင့် ရွှေကျီးတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို မေ ၁၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲပိုင်း National News အင်္ဂလိပ်ဘာသာ သတင်းအစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် တိုးချဲ့ရုံးအဆောက်အအုံ (၁၅၀ ပေ x ပေ ၇၀) RC နှစ်ထပ်နှင့် ဆက်စပ်လုပ်ငန်းများ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်းဖြင့် တည်ဆောက်ရေးလုပ်ငန်းကို တည်ဆောက်မည်ဖြစ်သောကြောင့် မြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ငွေကျပ် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)ဖြင့် ရုံးချိန်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ် (၂၂)တွင် ဝယ်ယူနိုင်ပါသည်-

| | | | |
|---|---|---|---|
| (က) | **စတင်ရောင်းချမည့်နေ့ရက်** | - | ၁၆-၅-၂၀၂၂ရက် (တနင်္လာနေ့) |
| (ခ) | **လျှောက်လွှာအရောင်းပိတ်မည့်ရက်** | - | ၃၀-၅-၂၀၂၂ရက် (တနင်္လာနေ့) |
| (ဂ) | **တင်ဒါနောက်ဆုံးတင်သွင်းမည့်ရက်** | - | ၆-၆-၂၀၂၂ရက် (တနင်္လာနေ့) |
| (ဃ) | **တင်ဒါလျှောက်လွှာတင်ရမည့်နေရာ** | - | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ် (၂၂)၊ နေပြည်တော် |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၃၄၀၄၂၀၄၊ ၀၆၇-၃၄၀၄၂၃၄၊ ၀၆၇-၃၄၀၄၃၁၁နှင့် ၀၆၇-၃၄၀၄၃၀၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်ထဲရေးဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊ ထားဝယ်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မီးသတ်ဦးစီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းနှင့် ဝယ်ယူရေးလုပ်ငန်းများအတွက် ပြည်တွင်းကုမ္ပဏီများအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

Lot(1)

- မီးငြှိမ်းသတ်ယာဉ်(HOWO)1000 gallon Wheel base 4700,160 Hp,10.00 R 20 — ၁စီး
- မီးသတ်ရေသယ်ယာဉ် (ဂါလန် ၁၆၀၀ ဆံ့) (HOWO, China)Wheel base 4700,160 Hp,10.00 R 20 — ၁စီး
- အမြုပ်မီးသတ်ယာဉ် Foam Tender 4000L (HOWO, China)Wheel base 3800, 116Hp, 8.25 R 16 — ၁စီး

Lot(2)

- လှေကားတင်ယာဉ် (32 m) YT32M2 (HoWo, China) Wheel base 4600+1400mm, 324Kw — ၁စီး

၂။ တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာစတင်ဝယ်ယူရန်** | - | ၉-၅-၂၀၂၂ ရက်မှ ၉-၆-၂၀၂၂ ရက်အထိ |
| (ခ) | **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** | - | ၁၆-၆-၂၀၂၂ ရက် |
| (ဂ) | **တင်ဒါဖွင့်မည့်ရက်** | - | ၂၃-၆-၂၀၂၂ ရက် |

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး၊ ဖုန်း-၀၅၉-၂၃၈၇၁သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ရှေ့နေ(၃)ဦး အလိုရှိသည်

အထက်တန်းရှေ့နေ လိုင်စင်ရသူဖြစ်ရမည်။ ပညာလိုချင်ပြီး၊ ရိုးသား၊ ကြိုးစား၊ သစ္စာရှိသူ ဖြစ်ရမည်။ လစာခံစားခွင့်ရမည်။ အခြားခံစားခွင့်များရှိမည်။ အချိန်လေးစားရမည်။

**ဆက်သွယ်ရန် (ဖုန်း-၀၉-၄၅၄၁၁၉၈၃၉)**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄)၊ ဦးပိုင်အမှတ်(၄၀)၊ ၆၂ x ၆၃လမ်း၊ ၁၉ x ၂၀ လမ်းကြားရှိ ဒေါ်တုတ်အမည်ပေါက် အခလွန်ဂရန်မြေကွက်အား၊ (အဘိုး) ဦးငွေလှ၊ (အဘွား) ဒေါ်တုတ်၊ (ဖခင်) ဦးဘလွင်၊ (မိခင်) ဒေါ်ကြင်စိန်တို့ အသီးသီးကွယ်လွန်၍ ကျန်ရစ်သူတစ်ဦးတည်းသော (မြေး/သမီး)ဖြစ်သူ ဒေါ်ယုယုလွင် ၉/မနမ(နိုင်) ၁၀၂၄၅၇က တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အာမခံအဖြစ်ပေးအပ်ထားသော မော်တော်ယာဉ် အံ့နာဘုတ် စာအုပ်မူရင်းများ လာရောက်ထုတ်ယူရန် ၎င်းယာဉ်များ လက်ရှိအသုံးပြုနေသူများအား အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ (၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၁၄၈)နေ RIVER GLOBAL Co.,Ltd. (ကိုယ်စား)မန်နေဂျာ ဒေါ်စန်းစန်းမော်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

RIVER GLOBAL Co.,Ltd. မှ ပိုင်ဆိုင်သောယာဉ်အမျိုးအစား (Hyundai County 1Q-6941 (15-3-2019) တွင် ကနဦး ငွေသွင်းပြီးနောက် Owner Book ရရှိချိန်တွင် ကျန်ငွေသွင်းရန်ကတိပြုပြီး ရောင်းချခဲ့သည်။ ငွေကျန်မသွင်းမီ အရောင်းအဝယ်ပြုထားသော ယာဉ်စာအုပ်ကို ခေတ္တငှားရာ KIA Bongo III (9C-9654)/ Hyundai Equus (6G-2037) တို့၏ စာအုပ်မူရင်းများကို အာမခံအဖြစ် ပေးအပ်ထားပါသည်။ Dr.Joseph White (561891912) ဆိုသူမှ ဝယ်ယူခဲ့ပြီး ဦးထိုက်ဝင်း ၁၂/ကမတ(နိုင်)၀၀၁၀၀၅မှ ဝယ်သူ၏အသိ သက်သေတို့မှ အာမခံအဖြစ်ပေးအပ်ထားသော မော်တော်ယာဉ်အံ့နာဘုတ်များ (24-5-2022) ရက်နောက်ဆုံးထား လာရောက်ထုတ်ယူရန် ၎င်းယာဉ်များ လက်ရှိအသုံးပြုနေသူများအား အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြင့်ခိုင် (LL.B, D.B.L) Business Law**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၆၂၂)**
**အမှတ် (၁၄၈)၊ ဘုရင့်နောင်လမ်း၊ ပုလဲ (၁)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၂၄၆၄၀၀၇၊ ၀၉-၇၉၅၅၉၈၀၆၀**

## ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (တင်ဒါအမှတ်-၂/၂၀၂၂-၂၀၂၃)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ (၂၀၂၂-၂၀၂၃)ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်၊ Center of Urban Research and Development Institute (URDI) မြေနေရာတွင် ခြံစည်းရိုးတည်ဆောက်ခြင်းလုပ်ငန်းအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၅-၅-၂၀၂၂ ရက် |
| **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** | - | ၁၇-၅-၂၀၂၂ ရက် |
| **တင်ဒါအဆိုပြုလွှာတင်သွင်းရမည့်ရက်နှင့်အချိန်** | - | ၁၈-၅-၂၀၂၂ ရက် ညနေ ၃ နာရီအထိ |
| **တင်ဒါဖွင့်ပွဲဆောင်ရွက်မည့် ရက်/အချိန်/နေရာ** | - | ထပ်မံကြေညာပါမည်။ |
| **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် ပြန်လည်တင်သွင်းရမည့်နေရာ** | - | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော် |

၂။ တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၇-၃၄၀၇၆၉၈၊ ၀၉-၅၅၀၁၃၁၈၊ ၀၉-၇၉၉၆၇၃၃၃၃ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/66709, Honda Click 150, M/C ယာဉ်လက်ဝယ်ရှိသူ Ever Ok Co.,Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/99328, Honda Scoopy 110, MC ယာဉ်လက်ဝယ်ရှိသူ Ever Ok Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/96161, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.Ltd က ချမ်းမြသာစည်မြို့နယ်မှ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/82782, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ သီရိတေဇမင်း ကုမ္ပဏီ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမှ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## အများသိစေရန်ကြေညာချက်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ ၆၁-A လမ်းနှင့် ၁၁၇x၁၁၈ကြား၊ ဋ္ဌ-၁၀(၁၄၇) အကျယ်အဝန်း ပေ (၃၀x၄၀)ရှိသော မြေကွက်မှာ ဦးကြည်တင် (ဘ) ဦးသောင်းကြီးမှ ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့ကြောင်းနှင့် ယင်းမြေကွက်အပါအဝင် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်အတွက် ကမ်းလှမ်းထားခဲ့ရာ ကျွန်ုပ်မှ အရောင်းအဝယ်ပြုလုပ်ရန် ဘဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏ တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေမျိုးကျော်**
**အိမ်အမှတ် (၁၅၉)၊ အောင်ချမ်းသာအဆောင်၊ ၆၈လမ်း၊ ၃၈နှင့် ၃၉ ကြား၊ မဟာမြိုင်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၄၂၇၂၀၂၂၁၆၊ ၀၉-၆၈၀၀၂၈၆၂၈**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ဥယျာဉ်တောင်ရပ်ကွက်၊ မနော်ဟရီလမ်း၊ အမှတ်(၁၁၉)နေ ဦးအေးမြင့် ၁၄/ဟသတ(နိုင်)၀၂၆၂၉၃ နှင့် ဒေါ်အေးအေးသိန်း ၁၄/ဟသတ(နိုင်)၀၂၈၂၉၅တို့၏သား မောင်ဇင်ဘိုပိုင်သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘနှစ်ပါးအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မောင်ဇင်ဘိုပိုင်နှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**ဦးအေးမြင့်-ဒေါ်အေးအေးသိန်း**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ လင်းလည်အုပ်စု၊ ခြင်ကိုက်ကုန်းကျေးရွာနေ ဦးတင်အောင်ထွန်း ၈/မသန(နိုင်)၀၄၁၃၇၄နှင့် ဒေါ်မာမာငြိမ်း ၈/မသန(နိုင်)၀၀၈၄၂၈တို့၏သားဖြစ်သူ မောင်အောင်ဇော်မျိုး ၈/မသန(နိုင်)၀၈၁၅၀၇သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘနှစ်ပါးအား စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအားလုံး တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိဘများ**
**ဦးတင်အောင်ထွန်း-ဒေါ်မာမာငြိမ်း**

## ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန အခြေခံကျန်းမာရေးတက္ကသိုလ်-မကွေးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အခြေခံကျန်းမာရေးတက္ကသိုလ်-မကွေး၏ ၂၀၂၂-၂၀၂၃ခု၊ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ခြင်းလုပ်ငန်းအတွက် မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် တရားဝင်အသိအမှတ်ပြုလိုင်စင်ရ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ ကန်ထရိုက်တာများထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ ဆောင်ရွက်ရမည့် တည်ဆောက်ရေးလုပ်ငန်း

(၁) တက္ကသိုလ်ကျောင်းဝန်းပတ်လည်အုတ်တံတိုင်းကာရံခြင်း ပေ (၉၄၀၀)၊ ဘရိတ်ဓား (အုတ်တိုင်အမြင့် ၅'၆"၊ အုတ်နံရံအမြင့် ၄'၆"၊ မြေဝင် ၃')

| | | | |
|---|---|---|---|
| ၃။ | တင်ဒါပုံစံရောင်းချမည့်နေရာ | - | အခြေခံကျန်းမာရေးတက္ကသိုလ်-မကွေးမြို့ |
| | အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက် | - | ၁၁-၅-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) |
| | အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | ၂၅-၅-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၁၆:၀၀ နာရီ |

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း- ၀၆၃-၂၀၂၈၃၀၄၊ ၀၉-၇၉၆၉၀၇၁၁၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**အခြေခံကျန်းမာရေးတက္ကသိုလ်**
**မကွေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိ မြောက်ရပ်၊ မြေရေိယာ ၀၁၁ဧမျ၂၉ဧကေ၊ မြေကွက်အမှတ် (ဥ-၅၀၃၃)၊ ဦးအောင်ကျော်ဝင်း (ဘ) ဦးလင်းဝင်း ၁၂/ဗတထ(နိုင်)၀၁၀၄၁၃၊ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်မီမီသန့်ဇင် (ဘ) ဦးခင်မောင်ဇင် ၅/ငဇန(နိုင်)၀၆၆၁၅၁မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံး ကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၁၁၀) ကေရှိ ဦးသန်းနိုင် ၁၂/ကမတ(နိုင်) ၀၄၃၂၆၄ (ဘ) ဦးသိန်းအောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၁၇၂၅)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၈၆/၂၀၂၁ (၁၈-၁၀-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်စုနွယ်သောင်း ၉/ညဥန(နိုင်)၁၃၆၅၀၀ (ဘ) ဦးကြင်သောင်းမှ ဒေါ်စန္ဒာထွန်း ၁၂/ဒဂရ(နိုင်)၀၀၃၆၆၀ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ ဒေါ်ဝင်းငွေ(ခ)အေးအေးသက် ၁၂/ဗတထ(နိုင်) ၀၁၄၀၉၉ (ဘ) ဦးဘသင်း အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၂၃၄၄၅)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးစိုးနိုင်လင်း ၁၄/ဝခမ(နိုင်)၀၁၅၅၆၉ (ဘ) ဦးကျော်ရှင်မှ ဒေါ်ယဉ်ယဉ်ထွေး ၁၂/ဒပန(နိုင်)၀၄၁၄၈၂နှင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ အောင်သိဒ္ဓိလမ်း၊ မြေကွက်အမှတ်(၁၅၉၈/ခ)၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ ဦးမောင်မောင် (TYT - ၀၀၇၉၂၃) (၁၄/မမန (နိုင်) ၀၇၅၉၄၁)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးမောင်မောင် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| LL.B, D.B.L, D.I.L, | LL.B. |

တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)
**Hein Htet San Law Firm** ဖုန်း-၀၉၅၅၀၆၁၄၆၊ ၀၉၄၅၅၅၀၆၁၄၆

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်4L/2342 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/11130, Honda Click 110 M/C ယာဉ်လက်ဝယ်ရှိသူ Ever Ok Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5F/4805, Mitsubishi Canter L/T(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်သန်း ၉/ကပတ(နိုင်) ၀၆၁၆၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6P/2315 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများ သိစေရန်ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/50274, Angbo 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အမာကြည် ၉/ညဥန(နိုင်)၀၀၇၉၉၃ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်1R/3474 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ သာယာအေးရပ်ကွက်၊ မြန်နန်းတော်လမ်း၊ အမှတ်(၁၁၆)ကို ရောင်းသူ ဒေါ်ကြည်ငွေမှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာတွင် ဝယ်ယူသူမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ အိမ်ဝိုင်းအမှတ်(၁၁၆)မြေကို ကန့်ကွက်မည့်သူရှိပါက အထောက်အထားစုံလင်စွာဖြင့် ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ရုံးလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအေးလွင်**
**၈/မကန(နိုင်)၁၄၇၉၁၁**
**ဖုန်း- ၀၉-၄၀၁၅၆၄၄၈၅၊**
**၀၉-၇၉၂၂၂၉၉၀၇**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန၊ မွန်ပြည်နယ်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မွန်ပြည်နယ်၊စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် သထုံမြို့၊ စိုက်ပျိုးရေးသိပ္ပံကျောင်းတွင် စာသင်ဆောင်နှင့်ကျောင်းသား/သူအိပ်ဆောင်တည်ဆောက်ခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | အတိုင်းအတာ | လုပ်ငန်းတည်နေရာ | Lot No |
|---|---|---|---|---|
| (က) | စာသင်ဆောင်(၂)ထပ်ဆောင် RC(ရေ၊ မီး၊ မိလ္လာ၊ Apron & Drain) | ၁၇၀'x ၃၆'x၂၂.၅' | စိုက်သိပ္ပံ၊ သထုံမြို့ | Lot 1 |
| (ခ) | ကျောင်းသား/သူအိပ်ဆောင်(၂)ထပ်ဆောင် RC(ရေ၊ မီး၊ မိလ္လာ၊ Apron & Drain) | ၁၇၃'x ၃၂'x၂၂.၅' | စိုက်သိပ္ပံ၊ သထုံမြို့ | Lot 2 |

**တင်ဒါရောင်းချမည့်ရက်** - ၁၁-၅-၂၀၂၂ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၄-၅-၂၀၂၂ရက်၊ ၁၆:၃၀နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

၂။ အသေးစိတ်အချက်အလက်များကိုပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန(မွန်) ဖုန်း-၀၉-၄၂၅၂၈၁၁၃၁၊ ၀၅၇-၂၂၉၈၀ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပြီး၊ လူကိုယ်တိုင်လာရောက်တင်သွင်းရန်ဖြစ်ပါသည်။
(တင်ဒါဖွင့်မည့်ရက်အား ကြိုတင်ဆက်သွယ်၍ အကြောင်းကြားပေးသွားမည်ဖြစ်ပါသည်။)

**တင်ဒါကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဖြိုးမင်းထက် ၁၃/တကန(နိုင်)၂၁၇၀၇၉ ၏ နိုင်ငံကူး လက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။

ဖုန်း-၀၉-၄၂၈၃၁၃၉၉၈

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/8435 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9M/3967 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 7J/6638 ယာဉ်ပိုင်ရှင် ဦးကျော်အောင် ၁၃/တကန(နိုင်) ၁၄၇၉၄၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၁၀၂၂/အေ၊ မြေကွက်တည်နေရာအမှတ်(၁၀၂၂/A)၊ သစ္စာလမ်း၊ ၁၀ ရပ်ကွက်၊ တောင်ဥက္ကလာပ၊ (ပဋ္ဌရူပဆောက်လုပ်ရေးသမဝါယမအသင်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ပဋ္ဌရူပဆောက်လုပ်ရေးသမဝါယမအသင်းထံမှ SP-၁၉၁၈၈/၂၀၁၄ (၁၅-၇-၂၀၁၄) ဖြင့်ရရှိသူ ဦးဇင်မောင်မောင် ၁၂/မရက(နိုင်)၁၄၁၀၇၉ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေရာဇဝင်မှတ်ချက်ပါ ၂၀၁၈ ခုနှစ် အရောင်းမြေပုံထုတ်ယူခဲ့သော်လည်း လက်ဝယ်တွင် သိမ်းဆည်းထားရာမှ ပျောက်ဆုံးသွားကြောင်း ဒဂုံမြို့နယ်တရားရုံး ကျမ်းကျိန်လွှာအမှတ်-၄/၂၀၃၅/၂၀၂၂ (၂၆-၄-၂၀၂၂) ကိုတင်ပြရှင်းလင်းလာပြီးပါဝါသက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာအမှတ် - ၄/၁၈၄/၂၀၂၂(၄-၄-၂၀၂၂) ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် ထပ်မံမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## မန္တလေးတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့်အခြေခံပညာကျောင်းဆောင်များ ဆောက်လုပ်ရန်အတွက် တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။ ကျပ်သိန်း ၂၀၀အောက်လုပ်ငန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် ကြေညာထားမည်ဖြစ်ပါသည်။

၂။ တင်ဒါများကို အောက်ပါအတိုင်းရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၇၉၃၇၈၄၀၀၊ ၀၉-၄၄၈၅၄၆၁၇၃၊ ၀၉-၄၀၂၇၁၅၇၅၉တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်-

**ရောင်းချရက်** - ၂၀-၄-၂၀၂၂ရက်
**တင်ဒါပိတ်ရက်** - ၁၉-၅-၂၀၂၂ရက်
**ရောင်းချမည့်နေရာ** - မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံး

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)
## မကွေးတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)၊ မကွေးတိုင်းဒေသကြီးမှ ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ သာမန်ရန်ပုံငွေဖြင့် ရေတင်လုပ်ငန်းများတွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ အသုံးပြုရန်လိုအပ်သော ဒီဇယ်ဆီအား အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

၁။ **အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်ရက်** - ၁၃-၅-၂၀၂၂ရက်မှ ၂၆-၅-၂၀၂၂ရက်အထိ (ရုံးချိန်အတွင်း)

၂။ **အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်တည်နေရာ** - ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)၊ ဒုတိယညွှန်ကြားရေးမှူး မကွေးတိုင်းဒေသကြီး၊ တောင်တွင်းလမ်းနှင့် အဝေရာလမ်းထောင့်၊ မကွေးမြို့

၃။ **တင်ဒါလျှောက်လွှာတင်သွင်း ရမည့်နောက်ဆုံးရက်** - ၂၇-၅-၂၀၂၂ရက်၊ ညနေ ၁၅:၀၀နာရီ

၄။ သတ်မှတ်ရက်၊ သတ်မှတ်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို မကွေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)၊ ဒုတိယညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍သော် လည်းကောင်း၊ ဖုန်း-၀၆၃-၂၀၂၃၁၈၇၊ ၀၉-၉၇၁၄၀၄၅၁၄ နှင့် ၀၉-၂၅၉၁၆၃၄၉၁ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃၆)၊ မြေကွက်အမှတ်(၅၅၄)၊ ယဿဝတီလမ်း၊ ဦးကျော်ဇင်မင်း ၁/ရကန(နိုင်)၀၃၁၇၃၁ အမည်ပေါက်ဂရန်မိတ္တူ၊ ဧရိယာအကျယ်အဝန်း(၂၀'x၆၀')ပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကိုယ်စားလှယ်လွှဲစာရရှိပြီး၊ ဆက်စပ်စာချုပ်စာတမ်းများနှင့် လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မိုးမိုးဝေ ၁၂/မရက(နိုင်)၁၇၉၉၂၇ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးအောင်ပြည့်စုံ ၁၂/ဒဂမ(နိုင်)၀၃၂၉၆၂ က အပြီးအပိုင်ဝယ်ယူရန် အတွက်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုရည်လှိုင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၄၅၀)**
**အမှတ်-၆၁၀၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၄၂၂၄၄၉၄၂၊ ၀၉-၆၉၃၅၆၃၇၈၅**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့နယ်၊ ကံကြီးရပ်ကွက်၊ ကွင်းအကွက်အမှတ်နှင့်အမည် ၁၈၈/ကွက်သစ်အနောက်ရပ်၊ ဦးပိုင်အမှတ်(၅၁-တ)၊ မြေကွက်အမှတ်(၅၁/၁၅၁)၊ ဧရိယာ ၀ ဒသမ ၁၀၈ဧကရှိ ဦးစိုင်းလွန်ဆိုင် ၁၃/မနတ(နိုင်)၀၁၀၃၂၂ အမည်ပေါက် ပိုင်ဆိုင်သော မြေစာရင်းပုံစံ(၁၀၅)မှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း အထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးစိုင်းလွန်ဆိုင် ဖုန်း-၀၉-၇၉၇၉၈၉၅၅၀**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနရှိ အောက်ဖော်ပြပါအခန်း၊ သိုလှောင်ရုံ၊ မြေနှင့် အဆောက်အဦ (၄)ခုတို့အား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (၅)နှစ်သက်တမ်း၊ (၁)နှစ်တစ်ကြိမ်စာချုပ်စနစ်၊ ငှားရမ်းမှုတန်ဖိုး၏ တစ်လစာအား စပေါ်ငွေအဖြစ်ထားရှိ၍ ငှားရမ်းခနှင့် ကုန်သွယ်လုပ်ငန်းခွန် (၅ ရာခိုင်နှုန်း)တို့အား(၁၂)လစာကြိုတင်ပေးသွင်းစနစ်ဖြင့် နှစ်စဉ်ငှားရမ်းခကို(၅)ရာခိုင်နှုန်းတိုးမြှင့်၍ ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) **Lot(1)** ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း(၃၀)၊ အမှတ်(၃၈)ရှိ အခန်း(၂/၃)၊ အခန်း(၁)ခန်း။

**Lot(2)** ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ အမှတ်(၂၄၀)ရှိ သိုလှောင်ရုံ(C+D)(၂)ခန်းတွဲသိုလှောင်ရုံတစ်လုံး

**Lot(3)** ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၇)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁/က)ရှိ မြေ(၄၀'x၆၀')နှင့် ၎င်းမြေပေါ်ရှိ တစ်ထပ်လုံးချင်း (၂၇'x၂၅'x၁၂')အဆောက်အဦတစ်လုံး။

**Lot(4)** မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ (၅၇)လမ်း၊ အကွက်(ဖ-၇)၊ ဦးပိုင်အမှတ်(၃၂)ရှိ မြေ ၀ ဒသမ ၀၅၅၁ဧကနှင့် ၎င်းမြေပေါ်ရှိ တစ်ထပ်လုံးချင်း (၃၆'x၂၆'x၁၃ ဒသမ ၆')အဆောက်အဦတစ်လုံး။

(ခ) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၅-၂၀၂၂ရက်မှ ၂၅-၅-၂၀၂၂ရက်အထိ (ရုံးချိန်အတွင်း)

(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၅-၅-၂၀၂၂ရက်၊ ၁၅:၀၀နာရီ

(ဃ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်

(င) **တင်ဒါတင်သွင်းဖွင့်ဖောက်မည့် ရက်/အချိန်** - ထပ်မံဆက်သွယ်အကြောင်းကြားပါမည်။

(စ) **တင်ဒါတင်သွင်းဖွင့်ဖောက်မည့် နေရာ** - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်

၂။ တင်ဒါဖွင့်ဖောက်မည့်ရက်တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် ဝန်ကြီးဌာန၊ တင်ဒါကော်မတီ၏ ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးတွင် ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

၃။ ကုန်သွယ်ရေးဦးစီးဌာနမှ ငှားရမ်းမည့် အခန်း၊ သိုလှောင်ရုံ၊ မြေနှင့် အဆောက်အဦများ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ် အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၃၄၀၈၄၁၀သို့ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၁၄)(မော်လမြိုင်)
## Open Tenderခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၁၄)၊ မော်လမြိုင်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ မွန်ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေနှင့် ပြည်ထောင်စုအထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေတို့ဖြင့် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၄)မှ တာဝန်ယူဆောင်ရွက်မည့်ချောင်းဆုံမြို့နယ်၊ ချောင်းဆုံ-မုရစ်ကလေး-ကမာကေး လမ်းပေါ်ရှိ တံတားအမှတ်(၆/၆)(၁၀၀ပေ)အရှည် သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းနှင့် အတ္ထရံတံတားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်အရောက် ဝယ်ယူခြင်း၊ Bored Pile တူးစက်ငှားရမ်းခြင်းနှင့်သံချောင်း(ရွယ်စုံ)သယ်ယူပို့ဆောင်ခြင်းကို မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူမည်ဖြစ်ပါသည်-

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန်** - ၁၁-၅-၂၀၂၂ရက်၊ (ဗုဒ္ဓဟူးနေ့)၊ ရုံးချိန်အတွင်း
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၃-၅-၂၀၂၂ရက်၊ (တနင်္လာနေ့) ညနေ ၄:၀၀နာရီ
**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** - ၂၅-၅-၂၀၂၂ရက်၊ (ဗုဒ္ဓဟူးနေ့)၊ နံနက် ၁၀:၀၀နာရီ
**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို အသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်-

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးအဖွဲ့**
**တံတားအထူးအဖွဲ့(၁၄)** ဖုန်း-၀၉-၄၅၂၉၀၄၅၅၉၊ ၀၉-၄၀၂၆၈၆၅၇၂၊ ၀၉-၄၄၉၀၀၀၈၀၆

## ကန့်ကွက်နိုင်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၁၈၅-ဂ)၊ ကွင်းယားအနောက်၊ ဦးပိုင်အမှတ်(၃၃၊ ၃၄၊ ၃၅၊ ၃၆)၊ ဧရိယာ ၀ ဒသမ ၃၁၂ ဧကရှိမြေအား (ဘ)ဦးဘိုးဘ၏ သမီးဖြစ်သူ ဒေါ်သန်းလှ ၁၄/ပသရ(နိုင်)၁၁၈၆၃၆ အမည်ဖြင့် လူနေထိုင်ရန် မြေငှားဂရန်အသစ်လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကန်ကြီးထောင့်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

